# ရတနာပုံ

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်၊ သောကြာနေ့၊ (15-3-2024)၊ အတွဲ (၃၂)၊ အမှတ် (၃၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်(၂၀) ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်ချီးမြှင့်** စာမျက်နှာ - ၁၆

**မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ** စာမျက်နှာ - ၁၉

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ဒုနစ်သစ်)စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၁၁၄၇၁ ဦးနှင့် ပထဝီဝင်ဘာသာရပ်လာရောက်ဖြေဆိုသူစုစုပေါင်း ၁၇၂၀၈ ဦးရှိ** စာမျက်နှာ - ၂၁


အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံး ကျောက်ပြား အရွယ်အစားမျိုးစုံ..

CNC 3D ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လှူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း - ၀၉ ၆၉၁၂၂၁၀၆၂၉၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၁၅ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့

နှစ်စဉ် မတ် ၁၅ ရက်တွင် စားသုံးသူလှုပ်ရှားမှုအဖြစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ **(World Consumer Rights Day)** ကို ကျင်းပလေ့ရှိပြီး ကမ္ဘာလုံးဆိုင်ရာ စားသုံးသူအခွင့်အရေး၊ စားသုံးသူကာကွယ်ရေးနှင့် စွမ်းဆောင်နိုင်မှုများကို အသိပညာမြှင့်တင်ပေးသည့် အလွန်အရေးပါသော နေ့တစ်နေ့ဖြစ်ပေသည်။

စားသုံးသူအခွင့်အရေးဆိုသည်မှာ ဝယ်ယူလိုသည့် ဝန်ဆောင်မှု သို့မဟုတ် ပစ္စည်းများနှင့်ပတ်သက်၍ အရေးကြီးသည့်အရာများဖြစ်သော အရည်အသွေး၊ ဈေးနှုန်းနှင့် စိတ်ချလုံခြုံမှုတို့ကို သိရှိနိုင်ခွင့်ရှိသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့သည် လူတိုင်းအတွက် တရားမျှတဘေးကင်းပြီး ရေရှည်တည်တံ့သော ဈေးကွက်တစ်ခုအတွက် စားသုံးသူများသည် စွမ်းအားနှင့် ၎င်းတို့၏ အခွင့်အရေးများကို မီးမောင်းထိုးပြနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် ကုန်ပစ္စည်းအမျိုးမျိုး၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူသူတိုင်းသည် ထိုထုတ်ကုန်များ၏ အရည်အသွေး၊ သန့်ရှင်းမှု၊ ဈေးနှုန်းနှင့် စံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များကို ရပိုင်ခွင့်ရှိသကဲ့သို့ စားသုံးသူအား ကုန်သွယ်မှု၏ မမျှတသောအလေ့အထများမှ ကာကွယ်ပေးခြင်းလည်းဖြစ်ပေသည်။

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့သည် ၁၉၆၂ ခုနှစ် မတ် ၁၅ ရက်တွင် အမေရိကန်ကွန်ဂရက်သို့ အထူးသဝဏ်လွှာပေးပို့ခဲ့သော အမေရိကန်သမ္မတ **John F Kennedy** က စားသုံးသူအခွင့်အရေးဆိုင်ရာကိစ္စရပ်များကို တရားဝင်မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်း၏ မိန့်ခွန်းတွင် အရေးကြီးသော အခွင့်အရေး လေးခုဖြစ်သည့် ဘေးကင်းရန်အခွင့်အရေး၊ သိပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်နှင့် ကြားနာခွင့်များအကြောင်း ပြောကြားခဲ့သည်။ **John F Kennedy** သည် စားသုံးသူအခွင့်အရေးနှင့်ပတ်သက်၍ လှုပ်ရှားဆောင်ရွက်သည့် ပထမဆုံးသော ကမ္ဘာ့ခေါင်းဆောင်ဖြစ်သည်။ စားသုံးသူလှုပ်ရှားမှုကို စတင်ဆောင်ရွက်သည့် မတ် ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ခြင်းဖြစ်ပေသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ **(World Consumer Rights Day 2024)** ဆောင်ပုဒ်မှာ "မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု"ဖြစ်သည်။

၁၉၇၀ ပြည့်နှစ် နောက်ပိုင်းနှစ်များတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ တောင်းဆိုချက်ကြောင့် စားသုံးသူကာကွယ်ရေးလှုပ်ရှားမှုသည် နိုင်ငံတကာအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ ၁၉၈၅ ခုနှစ် ဧပြီ ၉ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် (၃၉/၂၄၈) ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာမူဝါဒရှစ်ခု ချမှတ်နိုင်ခဲ့ပါသည်။ အာဆီယံနိုင်ငံများအနေဖြင့်လည်း ၂၀၀၇ ခုနှစ်တွင် အာဆီယံစားသုံးသူကာကွယ်ရေးညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

တရားမျှတမှုမရှိသော ကုန်သွယ်မှုအလေ့အကျင့်များနှင့် ဝယ်သူများအပေါ် လိမ်လည်လှည့်စားသောကုမ္ပဏီများမှ ကင်းဝေးစေရေးမှာ အရေးကြီးသည်။ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့သည် လူအများအား လိမ်လည်မှုဆိုင်ရာအလေ့အကျင့်များကို ဆန့်ကျင်သည့်အသံများနှင့် အသိပညာပေးခြင်းကိုပြုလုပ်စေမည်ဖြစ်သည်။ စားသုံးသူများကိုယ်တိုင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို အသိပညာမြှင့်တင်နိုင်ရန်နှင့် ကမ္ဘာ့စားသုံးသူများ ပိုမိုကောင်းမွန်လာရန်အတွက် အပြောင်းအလဲများ ဆောင်ကြဉ်းလာနိုင်မည့်နေ့တစ်နေ့ဖြစ်ပါကြောင်း ယနေ့ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆည်သည်ကျေးရွာ၌ မတ်လဒုတိယပတ်အတွင်း ခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ



**မန္တလေး မတ် ၁၄**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် စဉ့်ကူးမြို့နယ်ရှိ ဆည်သည်ကျေးရွာသို့ မတ်လ ဒုတိယပတ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိသည့် ကျေးရွာမှာ စဉ့်ကူးမြို့နယ်အတွင်းရှိ ဆည်သည်ကျေးရွာဖြစ်ကြောင်း၊ ဆည်သည်ကျေးရွာတွင်ရှိသည့် လက်မှုပညာဖြင့်ပြုလုပ်ထားသော မြေထည်၊ စဉ့်ထည်လုပ်ငန်းများနှင့် ဘုရား၊ စေတီ၊ ပုထိုးများကို ပြည်တွင်း၊ ပြည်ပ ခရီးသွားများက စိတ်ဝင်တစားဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားတာကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်။ အခုလက်ရှိမှာ ဆည်သည်ကျေးရွာကို ဝင်ရောက်လည်ပတ်တဲ့ ခရီးသွားတွေ များပြားနေပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဆည်သည်ကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ မတ်လ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာရှိခဲ့သော်လည်း မတ်လဒုတိယပတ်အတွင်း ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မတ် ၁၄**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပြီး လျှပ်စစ်သုံးဆိုင်ကယ်များ ဝယ်ယူမှုများနေကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များကို လူငယ်အများစု စိတ်ဝင်စားပြီး တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားပေါ် မူတည်၍ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ ပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ်သိန်း၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆုံး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့် ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေးကားဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မှု နည်းနေသော်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ်ရှိနေသေးကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝှစ်ရှ်၊ တိုယိုတာဝစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိလာကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ကားများအရောင်းအဝယ်ရှိနေကြောင်း၊ ထို့ပြင် လျှပ်စစ်သုံးကားများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ်သိန်း ၁၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

# ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း မန်ကျည်းမှည့်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၁၄**

ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း မန်ကျည်းမှည့်များ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ယခုအခါ မန်ကျည်းမှည့်ထွက်ရှိသည့်ရာသီဖြစ်၍ မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိကြောင်း၊ ဝင်ရောက်လာသည့် မန်ကျည်းမှည့်ဈေးနှုန်းများမှာ အစေ့ပါတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၊ အစေ့လွတ် (မန်ကျည်းအသား)တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ရှိကြောင်း သိရသည်။

"အခုနှစ် မန်ကျည်းမှည့်ရာသီမှာဆိုရင် အထွက်နှုန်းကောင်းကြပါတယ်။ မန်ကျည်းမှည့်က ပြည်တွင်းစားသုံးမှုတင်မကဘဲ ပြည်ပနိုင်ငံတွေကလဲ ဝယ်ယူအသုံးပြုကြပါတယ်။ အခုချိန်မှာတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူမှုတွေရှိနေပါပြီ။ ပြည်တွင်းစားသုံးမှုကလဲ ပုံမှန်ရှိနေတဲ့အတွက် အခုလိုဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းနေတာပါ။ မန်ကျည်းမှည့်က ဈေးကောင်းထပ်ရဖို့ အလားအလာ ရှိနေပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

မန်ကျည်းမှည့်ကို ပြည်ပပို့ကုန်အနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချနေရကြောင်း၊ မန်ကျည်းမှည့်ကို ပုပ္ပား၊ ပခုက္ကူ၊ မြိုင်၊ ရမည်းသင်း၊ ပင်လယ်ဘူး စသည့်ဒေသများမှ အများဆုံးထွက်ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပြောင်းဖူးစား ၁၀၆၇ ဧက ရိတ်သိမ်းပြီးစီး

**ရေဦး မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၁၀၆၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၆၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ရေဦးမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၁၀၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု လက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ဖူးစားပြောင်း ဧက ၁၂၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၁၀၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ဖူးစားပြောင်း စိုက်ပျိုးသည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန့်ဇင်ဦး-ဒေါ်ပန်းမင်းဦး မိသားစုက ဦးလှစင်-ဒေါ်ရွှေနှင်း၊ ဦးအောင်မိုး တို့အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးစင်မောင်နှင့်လက်ထောက်ဆရာဝန် ဒေါက်တာ ဦးသက်နိုင်တို့က လက်ခံရယူစဉ်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဇန်နဝါရီလအတွင်းက ငါးခြောက်အစုံ ပိဿာချိန် ၅၂၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးကွမ်းရှပ် (ငါးညို) ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ အာပုံခြောက် စသည့်ငါးခြောက်များကို တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးခြောက်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတယ်။ ပြီးခဲ့တဲ့ဖေဖော်ဝါရီလအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၄၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအား တက်ခဲ့တာဖြစ်ပါတယ်။ ငါးခြောက်ဈေးက ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်။လက်ရှိပြည်တွင်းဈေးကွက်မှာ ငါးခြောက်တွေ အဝယ်လိုက်ပြီး အရောင်းသွက်နေပါတယ်။ အခုလိုအရောင်းအဝယ်ကောင်းလာတော့ငါးခြောက်လုပ်ငန်းနဲ့ဆက်စပ်သူတွေအတွက် အဆင်ပြေကြပါတယ်"ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်ဈေးနှုန်းအနေဖြင့် ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင်ငွေကျပ် ၂၂၀၀၀၊ ငါးကွမ်းရှပ် (ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀၊ အာပုံခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၆၇ ဒသမ ၅၄၉ သန်းဖြင့် ကော့ဒိုက်ပြင်-ကော့မှုးသွေ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းနှင့်တာဝန်ရှိသူများက ကော့ဒိုက်ပြင်-ကော့မှုးသွေ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသရာ ပြည်နယ်ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကော့ဒိုက်ပြင်-ကော့မှုးသွေ ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၆၇ ဒသမ ၅၄၉ သန်းဖြင့် အနန္တမြေကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာများမှထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Shwe Bank နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ရှမ်းကိုင်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှမ်းကိုင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသားအသင်းသူ ဦးရေ ၁၂၀ ကို Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**



# မျိုးဆက်သစ်လယ်ယာလုပ်သားရှားပါးမှုနှင့် တောင်သူလယ်သမားများဘဝ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"မြေးတွေကို လယ်ထဲခေါ်ပြချင်ပေမယ့် အဘိုးတို့ကလေးဘဝကလို လယ်ကွင်းလယ်ကွက်ဆိုတာ မရှိတော့ဘူး။ လယ်ကန်သင်းနဲ့ လယ်ကွက်သေးသေးလေးတွေ မရှိကြတော့ဘူး။ လယ်ကန်သင်းတွေကင်းမဲ့နေကြတဲ့ လယ်ကွင်းပြင်ကျယ်ကြီးတွေပဲ ရှိတော့တယ်ကွ။ ဒါကြောင့် လယ်ယာမြေရဲ့အလှအပတွေကို လယ်ကန်သင်းပေါ်မှာ လမ်းလျှောက်ကြည့်ဖို့ မလွယ်တော့ဘူး မြေးတို့ရေ"

မွေးရပ်မြေကိုအပြန် မြေးများကိုခေါ်သွားသော အဘိုးက သူ့မြေးများကို ပြောပြနေသည်။

"အဘိုးတို့ခေတ်တုန်းက မိုးမကျခင် ထွန်ရေးပြင်ကြရတယ်။ ထွန်ရေးပြင်ရတယ်ဆိုတာ ထယ်ထိုးဖို့ ထယ်သွား၊ လယ်ထွန်ယက်ဖို့ ထွန်တုံးထွန်သန်တွေ စနစ်တကျပြင်ဆင်ကြရတယ်ကွ။ လယ်ကွက်တွေထဲက ရိုးပြတ်တွေကို မီးရှို့ကြ၊ နေအိမ်တွေမှာရှိနေကြတဲ့ နွားချေးတွေကို လယ်ထဲသယ်ပို့ကြပြီး မြေဩဇာကျွေးကြရတယ်။ မိုးရွာတော့ ပျိုးခင်းမှာ မျိုးစေ့ကြဲပြီး ပျိုးထောင်၊ ထယ်ထိုး၊ လယ်ထွန်ကြရတယ်။ ပြီးတော့မှ ပျိုးနုတ်ကြ၊ ကောက်စိုက်ကြရတယ်။ ရိတ်သိမ်းချိန်ကျ ရိတ်သိမ်း၊ ကောက်လှိုင်းတိုက်၊ တလင်းနယ်၊ စပါးလှေ့၊ ဝမ်းစာကျီသွင်း၊ ပိုတဲ့စပါးကို စပါးအဝယ်ဒိုင်တွေမှာ ရောင်းချကြရတယ်။ အဲဒီလုပ်ငန်းတွေဟာ လယ်သမားတွေရဲ့မိရိုးဖလာလုပ်ငန်းတွေပဲ မြေးတို့ရေ။ အဲဒီလယ်သမားလုပ်ငန်းတွေ အဘိုးကိုယ်တိုင်လုပ်ကိုင်ခဲ့ဖူးတယ်ကွ"

မြေးများက လုံးဝနားမလည်ကြ။ စာတွေ့အနည်းငယ်ကြောင့်သာ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်းလုပ်ငန်းများကို ကြားဖူးနားဝရှိကြသည်။

"ဪ. . . မြေးတို့ခေတ်ရောက်မှ လယ်သမားတွေက ကျွဲတွေ၊ နွားတွေနဲ့ ထွန်ယက်စိုက်ပျိုးကြတာကို မမြင်ကြရ၊ ပျိုးနုတ်တာ မမြင်ကြရ၊ ကောက်စိုက်တာ မမြင်ကြရ၊ ကောက်ရိတ်တာ မမြင်ကြရတော့ဘူးပေါ့ကွာ။ တို့ငယ်ငယ်တုန်းက မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကောက်စိုက်ပြိုင်ပွဲတွေ၊ ကောက်ရိတ်သိမ်းပြိုင်ပွဲတွေ အပြိုင်အဆိုင် ပျော်ပျော်ပါးပါးကျင်းပခဲ့ကြတာကို ပြလိုက်ချင်စမ်းပါဘိကွာ"

"အခုတော့ ကောက်စိုက်တေး၊ ကောက်ရိတ်တေးနဲ့ ဗုံကြီးသံတွေက ရှေးဟောင်းယဉ်ကျေးမှုပြတိုက်ထဲရောက်သွားကြတော့မယ်။ ရှေးခေတ်က လယ်ထွန်မင်္ဂလာကျင်းပခဲ့ကြတာကို အဘိုးတို့ခေတ်မှာ စာတွေ့သာ သိခဲ့ကြရသလို အခု မြေးတို့ခေတ်မှာလဲ လယ်ထွန်တာ၊ ကောက်စိုက်တာ၊ ကောက်ရိတ်တာတွေကို ရုပ်ရှင်နဲ့ စာတွေထဲမှာ တွေ့ကြရတော့မယ်။ ရှေးခေတ်ရိုးရာတောင်သူလယ်သမားအသုံးအဆောင်တွေဖြစ်တဲ့ ထယ်သွား၊ ထွန်တုံး၊ ထွန်သန်၊ ကောက်ရိတ်တံစဉ်၊ မြက်ရိတ်တံစဉ်၊ ပျိုးသယ်စွတ်ဖားတွေ ပျောက်ကွယ်လုနီးလာပြီး ကျွဲ၊ နွားတွေလဲ အသုံးနည်းလာကြပြီ။ နောက်ပိုင်းမှာ လယ်ယာသုံးပစ္စည်းတွေရဲ့နာမည်နဲ့ ရုပ်ပုံတွေပဲ ကျန်တော့မှာပေါ့။ လက်မှုလယ်ယာခေတ်ကနေ စက်မှုလယ်ယာခေတ်ကိုရောက်လာလို့ တိုးတက်လာကြပြီလား၊ အမှန်တကယ်ကောတိုးတက်တာ ဟုတ်ကြရဲ့လား"

အဘိုးက လိုအင်ဆန္ဒမပြည့်ဝသဖြင့် ခေတ်ကိုပဲ ရသေ့စိတ်ဖြေပုံချနေမိလေသည်။ ကိုယ့်ရပ်ရွာမှာသာမက အခြားမြို့နယ်ကျေးရွာများတွင်လည်း လယ်ကန်သင်းနှင့် လယ်ကွက်ငယ်များ ကင်းမဲ့နေကြလေရာ လယ်ပုစွန်၊ လယ်ငါးရှဉ့်၊ လယ်ငါး၊ လယ်ဖားနှင့် လယ်ကြွက်များလည်း ပျောက်ကုန်ကြလေပြီ။ ထယ်ထိုး၊ လယ်ထွန်၊ ပျိုးခင်းထောင်၊ ပျိုးကြဲ၊ ကောက်စိုက်စရာမလိုကြဘဲ စက်ဖြင့်ထွန်ယက်၊ စပါးမျိုးစေ့ကို စက်ဖြင့်စိုက်ပျိုးနေကြလေပြီ။ ကျွဲ၊ နွားများဖြင့် ထွန်ယက်စရာမလိုကြဘဲ စက်များဖြင့် ရိတ်သိမ်း၊ စက်များဖြင့် ခြွေလှေ့၊ ချက်ချင်းခြင်တွယ်ရောင်းဝယ်၍ရနေကြလေပြီ။

❖ အဘိုးတို့ခေတ်တုန်းက မိုးမကျခင် ထွန်ရေးပြင်ကြရတယ်။ ထွန်ရေးပြင်ရတယ်ဆိုတာ ထယ်ထိုးဖို့ ထယ်သွား၊ လယ်ထွန်ယက်ဖို့ ထွန်တုံးထွန်သန်တွေ စနစ်တကျပြင်ဆင်ကြရတယ်ကွ။ လယ်ကွက်တွေထဲက ရိုးပြတ်တွေကို မီးရှို့ကြ၊ နေအိမ်တွေမှာရှိနေကြတဲ့ နွားချေးတွေကို လယ်ထဲသယ်ပို့ကြပြီး မြေဩဇာကျွေးကြရတယ်။ မိုးရွာတော့ ပျိုးခင်းမှာ မျိုးစေ့ကြဲပြီး ပျိုးထောင်၊ ထယ်ထိုး၊ လယ်ထွန်ကြရတယ်။ ပြီးတော့မှ ပျိုးနုတ်ကြ၊ ကောက်စိုက်ကြရတယ်။ ရိတ်သိမ်းချိန်ကျ ရိတ်သိမ်း၊ ကောက်လှိုင်းတိုက်၊ တလင်းနယ်၊ စပါးလှေ့၊ ဝမ်းစာကျီသွင်း၊ ပိုတဲ့စပါးကို စပါးအဝယ်ဒိုင်တွေမှာ ရောင်းချကြရတယ်။ အဲဒီလုပ်ငန်းတွေဟာ လယ်သမားတွေရဲ့ မိရိုးဖလာလုပ်ငန်းတွေပဲ မြေးတို့ရေ။ ❖

လယ်ယာလုပ်သားရှားပါးရခြင်း အကြောင်းရင်းတစ်ခုလည်းပါဝင်သည်။ အချို့က လယ်ယာလုပ်သားရှားပါး၊ ကုန်ကျစရိတ်များပြားသောကြောင့် စက်များဖြင့်သာ လုပ်ကိုင်နေကြရကြောင်း အကြောင်းပြကြသည်။ တောင်သူလယ်သမားစစ်စစ်များနှင့် လယ်ယာလုပ်သား သူရင်းငှားများနှင့်သာ လုပ်စားနေကြသော လယ်ပိုင်ရှင် လယ်မင်းသားများကြားမှာ ဘဝရပ်တည်ခံစားရမှုချင်း ကွာဟမှုများကြောင့် အယူအဆအမျိုးမျိုးလည်း ကွဲပြားခြားနားနေကြသည်။ ခေတ်ကြောင့်လား၊ လူတွေကြောင့်လား စဉ်းစားစရာ။

**တောင်သူလယ်သမားနေ့**

နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများကို ဂုဏ်ပြုအမွှမ်းတင်သည့်နေ့။ သမိုင်းဝင် နေ့ထူးနေ့မြတ်အဖြစ် နှစ်စဉ် ဂုဏ်ပြုကျင်းပခဲ့ကြရာတွင် ခေတ်ကာလအခြေအနေအရ အချို့ပါတီများကလည်း ကိုယ့်ပါတီမူဝါဒနှင့်အညီ တောင်သူလယ်သမားနေ့ ဂုဏ်ပြုအခမ်းအနားများကို ကျင်းပခဲ့ကြသည်။ မြို့နယ်တချို့လည်း ခမ်းနားထည်ဝါစွာ ဂုဏ်ပြုကျင်းပခဲ့ကြသည်။

တောင်သူလယ်သမားမိဘမျိုးရိုးမှ ဆင်းသက်လာပြီး ၁၀ တန်းစာမေးပွဲဖြေပြီးသည်ထိ လယ်သမားအလုပ်ကို ဖခင်နှင့်တွဲလုပ်ခဲ့ရသော ကျွန်တော်သည် တောင်သူလယ်သမားများကို အားထားဂုဏ်ပြုဖွဲ့စည်းထားသည့် ပါတီကြီးတစ်ပါတီ၏ တောင်သူလယ်သမားနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လေ့လာခဲ့သည်။ ထိုပါတီကြီး ဥက္ကဋ္ဌဖြစ်သူ သဘာပတိ၏ အဖွင့်မိန့်ခွန်း၊ ပါတီဥက္ကဋ္ဌ၏ သဝဏ်လွှာ၊ အဆိုပါ သဝဏ်လွှာကို ထောက်ခံဆွေးနွေးသူ တောင်သူလယ်သမားအမျိုးသမီးနှင့် အမျိုးသား၏ ဆွေးနွေးတင်ပြချက်များ၊ သဘာပတိ နိဂုံးချုပ်စကား၊ ကြွေးကြော်သံများ စသည်ဖြင့် ကျေးလက်နေတောင်သူလယ်သမားများ၏ လက်ရှိ လယ်ယာကုန်ထုတ်လုပ်မှုအခက်အခဲ၊ အကျပ်အတည်းအခြေအနေများကို ထောင့်စုံဘက်စုံမှ ဆွေးနွေးတင်ပြသွားခဲ့ကြသည်။

တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်မှ အခက်အခဲအကျပ်အတည်းများကို ဆွေးနွေးတင်ပြခဲ့ကြရာတွင် တောင်သူလယ်သမားများ၏ လက်ရှိအခက်အခဲအကျပ်အတည်းများနှင့် ဘဝရပ်တည်မှုများကို လက်တွေ့ခံစားချက်များဖြင့် ထင်ဟပ်သုံးသပ်ပြီး ယထာဘူတကျကျ ဆွေးနွေးတင်ပြခဲ့ကြသည်။ ထို့ပြင် တောင်သူလယ်သမားများ၏ အဓိကလိုလားချက်များကို မီးမောင်းထိုးပြတောင်းဆိုသွားခဲ့ကြရာ လက်တွေ့ဖြစ်ရပ်များနှင့်ကိုက်ညီနေသဖြင့် အနှစ်ချုပ်ကို မျှဝေပေးလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေးဦးတည်ချက် အပိုဒ်(က)တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"ဟု ပါရှိကြောင်း၊

စားရေရိက္ခာဖူလုံရေးအတွက် လက်တွေ့လုပ်ကိုင်နေကြရသည့် တောင်သူလယ်သမားများမှာ ရင်းနှီးမြှုပ်နှံရန် ငွေကြေးမပြည့်စုံကြသဖြင့် ငွေရှင်ကြေးရှင်ကြီးများထံမှ အတိုးကြီးမားစွာ ချေးယူသုံးစွဲနေကြရသောကြောင့် အလွန်ပင်နစ်နာလျက်ရှိကြောင်း၊

လယ်ယာလုပ်သားရှားပါးမှု၊ လုပ်အားခများဈေးကြီးမြင့်မှု၊ စိုက်ပျိုးရေးသွင်းအားစုများ ဈေးကြီးမြင့်လာမှုများကြောင့် ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် နေ့စဉ်နှင့်အမျှ ရင်တမမလုပ်ကိုင်နေကြရကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် စိတ်အားထက်သန်စွာ လုပ်ကိုင်နိုင်ကြစေရေးအတွက် သီးနှံများ၏အခြေခံရည်ညွှန်းဈေးနှုန်းများကို သီးနှံမစိုက်ပျိုးမီကာလတွင် ကြိုတင်သတ်မှတ်ပေးပြီး စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်လတ်ချေးငွေစနစ်သို့ ပြောင်းလဲချေးပေးခြင်းဖြင့်ဖြစ်စေ၊ ဥပဒေအရခွင့်ပြုထားသော လယ်ယာမြေများကို ပေါင်နှံခွင့်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ လယ်ယာကုန်ထုတ်သမဝါယမအသင်းများကို နိုင်ငံတစ်ဝန်းလုံးတွင် တိုးချဲ့ဖွဲ့စည်းကာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှတစ်ဆင့် ချေးငွေ သို့မဟုတ် စိုက်ပျိုးရေးသွင်းအားစုများနှင့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို ပံ့ပိုးပေးခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ပေးသင့်ကြောင်း၊

၂၀၀၀ ပြည့်နှစ်လွန်များမှစ၍ ဖောက်ပြန်လာသောရာသီဥတုကြောင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သီးနှံအထွက်နှုန်းများကျဆင်းလာပြီး လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များပါ သေကျေပျက်စီးခဲ့ကြရသောကြောင့် တောင်သူလယ်သမားများ ကြွေးတင်နွံနစ်ကာ လူနေမှုစီးပွားရေးဘဝနိမ့်ပါးလာခဲ့ကြောင်း၊ ထို့ကြောင့် ကျေးလက်နေတောင်သူလယ်သမား မျိုးဆက်သစ်လူငယ်များသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများရှိရာ ကျေးလက်ဒေသများကိုစွန့်ခွာ၍ ပြည်တွင်းရှိ မြို့ကြီးပြကြီးများသို့လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း ပြောင်းရွှေ့လုပ်ကိုင်နေကြသောကြောင့် လယ်ယာလုပ်သားရှားပါးပြီး လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အခက်အခဲအဟန့်အတားမျိုးစုံ ကြုံတွေ့နေကြကြောင်း၊

လယ်ယာလုပ်သားရှားပါးခြင်းနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုအခက်အခဲများကြောင့် တောင်သူလယ်သမားအများစုမှာ စပါးကြဲခင်းများဖြင့်သာ စိုက်ပျိုးလာကြရကြောင်း၊ ထို့ကြောင့် စပါးအထွက်နှုန်းများ တဖြည်းဖြည်း ကျဆင်းလာခဲ့ကြောင်း၊ ထိုအကျိုးဆက်မှာ နိုင်ငံခြားသို့ ဆန်တင်ပို့နိုင်မှုလျော့ကျကာ နိုင်ငံခြားဝင်ငွေလျော့နည်းသွားမည်ဖြစ်ကြောင်း၊ (ပြည်တွင်းဆန်ဈေးကွက်ကလည်း နေ့စားလုပ်သားများ၊ ဝင်ငွေပုံမှန်မရှိသူများအတွက် အလွန်ထိတ်လန့်တုန်လှုပ်နေကြ)

လယ်ယာကဏ္ဍသည် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ပါ အလွန်အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရေးနှင့် တောင်သူလယ်သမားမျိုးဆက်သစ်များကလယ်ယာကဏ္ဍတွင် စိတ်ဝင်စားပြီး စိတ်ရောကိုယ်ပါလုပ်ကိုင်ချင်စိတ်များ ထက်သန်ပြင်းပြလာစေရေးအတွက် နိုင်ငံတော်က လယ်ယာကဏ္ဍစီမံကိန်းများကို ထိရောက်စွာ အလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊

လယ်ယာမြေများကို အခြားနည်းလမ်းသုံးစွဲမှုများရှိနေကြခြင်း၊ ခွင့်ပြုချက်မရှိဘဲ အိုးအိမ်တိုက်တာများဆောက်လုပ်နေကြခြင်း၊ စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံများ ဆောက်လုပ်အသုံးပြုနေကြခြင်း၊ ငါးမွေးမြူရေးကန်များ တူးဖော်မွေးမြူနေကြခြင်းကြောင့် လယ်ယာစိုက်ပျိုးဧကများ လျော့နည်းသွားကြောင်း၊

လယ်ယာမြေအလွဲသုံးစားမှုများတွင် ငွေရှင်ကြေးရှင်များနှင့် ရောနှောပြီး တောင်သူလယ်သမားများကို အရေးယူခြင်းများနှင့်ပတ်သက်၍ မှန်ကန်မှုရှိစေရေးအတွက် တောင်သူလယ်သမားများဘက်မှ ကာကွယ်ကူညီပေးသင့်ကြောင်း၊

တောင်သူလယ်သမားများအပါအဝင် ကျေးလက်နေပြည်သူများမှာ အကြမ်းဖက်၊ လုယက်၊ တိုက်ခိုက်၊ သတ်ဖြတ်မှုများကြောင့် အလုပ်အကိုင်၊ စီးပွားရေးနှင့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေကြရကြောင်း၊

လယ်ယာမြေအဖြစ် တရားဝင်လုပ်ပိုင်ခွင့်ပြုထားသော်လည်း ပုံစံ(၇)မရရှိသေးသော တောင်သူလယ်သမားများအား ပုံစံ(၇)အမြန်ရရှိအောင် ဆောင်ရွက်ပေးရန် အထူးလိုအပ်နေကြောင်း၊

လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်သော ကဏ္ဍတိုင်းတွင် တောင်သူလယ်သမားကိုယ်စားလှယ်များပါဝင်ဆွေးနွေးအကြံပေးခွင့်များရရှိစေသည့် တောင်သူလယ်သမားအဖွဲ့အစည်းကြီး ပေါ်ပေါက်လာစေရေးအတွက် အလေးပေးဆောင်ရွက်ပေးစေလိုကြောင်း၊

သဘာပတိ၏ နိဂုံးချုပ်စကားထဲတွင် "ယခုအခါ ကျေးရွာများတွင် တောင်ဝှေးများနှင့် ကလေးများသာ ရှိတော့ကြောင်း" စကားသည် အခမ်းအနားတွင် ရှိနေကြသူများ၏နှလုံးသားများကို စွဲငြိသွားစေခဲ့သည်။

ကျေးရွာများတွင် လူငယ်များမရှိကြတော့ဘဲ တောင်ဝှေးများနှင့်သွားလာနေကြရသည့် အဘိုးအဘွားသက်ကြီးရွယ်အိုများနှင့် ကလေးငယ်များသာရှိနေကြောင်း၊ လယ်ယာလုပ်သားမျိုးဆက်သစ်လူငယ်များရှားပါးနေမှုကို ညွှန်းဆိုသောစကားဖြစ်သည်။ လက်တွေ့မှာလည်း မှန်ကန်နေသည်။ မိရိုးဖလာတောင်သူလယ်သမားလုပ်ငန်းအတတ်ပညာများ မျိုးဆက်ပြတ်သွားမည်ကိုပင် စိုးရိမ်ဖွယ်ရာကောင်းနေပါသည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ဖြူးမြို့နယ် အိုးဗိုကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**ဖြူး မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လိပ်သေကျေးရွာအုပ်စု အိုးဗိုကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်အင်ဂျင်နီယာများက အိုးဗိုကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

အုတ်ဖိုကုန်းကျေးရွာ၌ အရှည်ပေ ၂၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသော ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ ငွေကျပ် ၁၀ ဒသမ ၄ သန်းအသုံးပြုကာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် မတ် ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **ကိုညို**

## စားသုံးသူအခွင့်အရေး အလေးထားပေး

\- လူတို့၏စားဝတ်နေရေး
သုံးသပ်ချင့်တွေးကြကာပင်၊
ကုန်စည်တွေအမျိုးမျိုး
ကြိုးစားတီထွင်၊
လူတိုင်းလိုချင်
တွင်ကျယ်၍ အရောင်းသွက်ရေး၊
အပြိုင်အဆိုင်ထုတ်လုပ်လျက်
ကြော်ငြာမိတ်ဆက်ဖြန့်ချိမှု
ပြုကြသည်လေး။

\- ကုန်စည်ထုတ်လုပ်ရောင်းချငြား၍
စီးပွားရှာခြင်းပြုကြရာ၊
မတော်လောဘစိတ်အား
မထားစေရာ၊
စားသုံးသူများအပေါ်မှာ
နစ်နာမှုမရှိစေရေး၊
စားသုံးသူအခွင့်အရေးများနေ့
သတ်မှတ်၍ကျင်းပခြင်း
ဆောင်ကြဉ်းသည်လေး။

\- စားသုံးသူအခွင့်အရေး
အလေးထား၍သာကွယ်၊
ကုန်စည်ထုတ်လုပ်ရောင်းချမှု
ပြုကြရန်ရှုယ်၊
ဘေးဥပဒ် အန္တရာယ်
မရှိအောင်ကွယ်ထုတ်လုပ်လို့၊
အဆမတန်အမြတ်ကျန်ရေး
ဈေးမြင့်တင်ရောင်းချအားလည်း
ရှောင်ရှားပါစို့။ ။

**မနေသစ်(ပခုက္ကူ)**

➤ စာမျက်နှာ ၄ မှအဆက်

မိမိတို့နေရပ်ဒေသအသီးသီးမှ ပြည်တွင်းမြို့ကြီးပြကြီးများနှင့် ပြည်ပသို့သွားရောက်အလုပ်လုပ်နေကြသူ များထဲတွင် ကျေးလက်ဒေသများမှ လယ်ယာလုပ်သား မျိုးဆက်သစ်လူငယ်များပါဝင်နေကြသည်။ ပြည်ပတွင် အဆင်ပြေသူများရှိကြသလို အဆင်မပြေသူများလည်း ရှိကြလေရာ သူတို့ဘဝအတွက် စာနာခံစားမိသည်။

"ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်"ဟူသော စကားလိုပင် ခေတ်မီသူတိုင်း ပြည်ပထွက်အလုပ်လုပ်ကြသည့်ကိန်းဆိုက်ရောက်နေသည် မဟုတ်ပါလား။ ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်လုပ်ကိုင်နေကြသူများနှင့် တရားဝင်သွားရောက်လုပ်ကိုင်ရန် ကြိုးပမ်းလှုပ်ရှားနေကြသူများ၏ သောကဗျာပါရအဖုံဖုံကို မြင်တွေ့ကြားသိနေကြရလေရာ သူတို့ကို စာနာသနားနေမိသည်။ စားဝတ်နေရေးအကျပ်အတည်းမျိုးစုံကို ရင်စည်းခံနေကြရသူများ၏ လောကီငရဲကျခံနေရမှုများကား ပြောမယုံကြုံဖူးမှ သိကြပေလိမ့်မည်။

MoU စနစ်ဖြင့် တရားဝင်သွားရောက်လုပ်ကိုင်နေကြသူများမှာလည်း ပြည်ပနိုင်ငံ လူမျိုးခြားများ၏အောက်မှာ အနိမ့်ခံ၊ အောက်ကျခံကြရကာ အားငယ်ငယ်၊ မျက်နှာငယ်ငယ်နှင့် ရုန်းကန်လှုပ်ရှားနေကြရသည်။ သို့သော် ရေရှည်အရေးက လုံးဝစိတ်မအေးရပေ။ ထိုင်းတွင် အလုပ်ဝင်ခွင့်အတားခံရခြင်းမျိုး၊ စက်ရုံအလုပ်ရုံ ပိတ်သိမ်းလိုက်ခြင်းမျိုး၊ ကုမ္ပဏီဒေဝါလီခံတာမျိုးများ စသည့်နည်းမျိုးစုံဖြင့် ပညာပြတတ်ကြသည်။ လုပ်ငန်းခွင်အာမခံချက်မရှိကြသည်ကို သိသိကြီးနှင့် သည်းခံမျိုသိပ်ကာ ကြိတ်မှိတ်ရပ်တည်နေခဲ့ကြရသည်။

စားဝတ်နေရေးကျပ်တည်း၊ ဆင်းရဲလွန်းကြသောကြောင့် မလွဲရှောင်သာဘဲ ပြည်ပသို့ သွားရောက်အလုပ်လုပ်နိုင်ရေးအတွက် အချို့မှာ အိမ်ပေါင်၊ ခြံပေါင်၊ လယ်ယာမြေပေါင်နှံကြကာ စွန့်စားသွားလာနေကြရခြင်းဖြစ်သည်။ အချို့မှာ ခဲလေသမျှ သဲရေကျဖြစ်ကြရသည်။ မှန်းချက်နှင့်နှမ်းထွက်မကိုက်သဖြင့် အိမ်ပေါင်ဆုံး၊ ခြံပေါင်ဆုံး၊ လယ်ယာမြေပေါင်ဆုံးကြရသည့်အပြင် အသက်ပါဆုံးရှုံးကြရသူများလည်း ရှိနေသည်။

အထူးသဖြင့် လူကုန်ကူးကြသူ(လူပွဲစားများ)နှင့် အယောင်ဆောင်ကုမ္ပဏီလိမ်များကြောင့် ပြည်ပသို့ အသွားခရီးနှင့် လုပ်ငန်းခွင်ဝင်ရောက်ရေးလုပ်ငန်းစဉ်များတွင် အခက်အခဲမျိုးစုံနှင့် ကြုံတွေ့နေကြရသည်။ ထိုင်းနှင့်မလေးရှားသို့ ပို့ဆောင်သွားလာနေမှုကိုသာ အများစုကသိနေကြသော်လည်း ပြည်တွင်းမှာရော ပြည်ပမှာပါ လူကုန်ကူးမှုများရှိနေကြသည်။ ဒူဘိုင်းနှင့်စင်ကာပူသို့လည်း ပို့ဆောင်ပေးနေကြသည်။

လူတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးကသော်လည်းကောင်း၊ တစ်ဦးထက်ပိုသော (ဥပမာ-နှစ်ဦး၊ သုံးဦးမက ပိုမိုများပြားသောအဖွဲ့၊ လူဆိုးဂိုဏ်း)ကသော်လည်းကောင်း ကာယကံရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ ကာယကံရှင်က သဘောတူညီချက်မပါဘဲဖြစ်စေ စည်းရုံးခြင်း၊ သိမ်းသွင်းခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် နည်းအမျိုးမျိုးတို့ဖြင့် လူအချင်းချင်း အရောင်းအဝယ်ပြုလုပ်ကြခြင်းကို "လူကုန်ကူးခြင်း"ဟု ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်ကစတင်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း ၂၀၀၅ ခုနှစ်တွင် စတင်ပြဋ္ဌာန်းအရေးယူနေခဲ့သည်။ ထိုဥပဒေကို ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရုပ်သိမ်းပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ အရေးယူအပြစ်ပေးခဲ့သည့် လူကုန်ကူးမှုမှုခင်းသတင်းများကိုလည်း နေ့စဉ် သတင်းစာများနှင့် ဂျာနယ်များတွင် အခါအားလျော်စွာ ဖော်ပြပေးနေခဲ့ရာ ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက် အသိနှင့်သတိပေးနေခြင်းဖြစ်သည်။ သို့သော် လူကုန်ကူးမှုမှုခင်းများကား ပြည်တွင်းမှာရော ပြည်ပမှာပါ ဖြစ်ပွားနေဆဲပင်။ MoU စနစ်ဖြင့် ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့သို့ မကြာခဏစေလွှတ်နေသောသတင်းများကို တွေ့မြင်သိရှိနေကြရသည်။

ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် လူငယ်မောင်မယ်များ (ကျေးလက်လူငယ်များအပါအဝင်)ကိုကြည့်ပြီး ရင်ထဲမှာမချိစွာ ခံစားနေမိသည်။ အိမ်ပေါင်၊ မြေယာပေါင်ပြီး စွန့်စားသွားလာကြမည့် လူငယ်လေးများ ပါဝင်လာကြမှာ သေချာလှသည်။ ပြည်ပသို့မရောက်သေးဘဲ ပြည်တွင်းတွင်ပင် လိမ်ညာမှုအမျိုးမျိုးကိုခံနေရလေပြီ။ တချို့မှာ ထိုင်းသို့ အဝင်မှာပင် လူပေါင်းရာချီပြီး အဖမ်းခံနေကြရသည်။ သူတို့လေးများ၏ နောင်ရေးကိုတွေးပြီး ကြားထဲက ပူပင်စိုးရိမ်နေကြရလေပြီ။

တောင်သူလယ်သမားမျိုးဆက်သစ် ကျေးလက်လူငယ်များ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေမှုများကြောင့် လယ်ယာလုပ်သားရှားပါးလာမှုကို အကြောင်းပြု၍ တောင်သူလယ်သမားများ၏ အခက်အခဲအကျပ်အတည်းမျိုးစုံကြုံတွေ့နေကြရသည့်နှယ် အခြေခံဆန်ထမင်းကိုသာ အဓိကထားစားသုံးနေကြရသော အခြေခံစားသုံးသူပြည်သူအများစုအရေးအတွက်လည်းကောင်း၊ နိုင်ငံတော်နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍရေရှည်အရေးအတွက်လည်းကောင်း မြော်တွေးစီစဉ်ကြသင့်ကြောင်း ဆန္ဒမွန်ပြုလိုက်ရပါသည်။

## နိုင်ငံတကာ သတင်းများ

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တိုက်ပွဲဝင်တင့်ကားသစ်တစ်စီး ပါဝင်သော စစ်လက်နက်စွမ်းရည်ပြပွဲတစ်ခုကို ကိုယ်တိုင်ပါဝင်ကြီးကြပ်

**ပြုံယမ်း မတ် ၁၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တိုက်ပွဲဝင်တင့်ကားသစ်တစ်စီး ပါဝင်သော စစ်လက်နက်စွမ်းရည်ပြပွဲတစ်ခုကို ကိုယ်တိုင်ကြီးကြပ်ခဲ့သလို တင့်ကားသစ်မောင်းနှင်ရာတွင်လည်း ကိုယ်တိုင်ပါဝင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာများက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ တင့်ကားစွမ်းရည်ပြပွဲကို မတ် ၁၃ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက ဖော်ပြထားသည်။

တင့်ကား စွမ်းဆောင်ရည်ပြပွဲတွင် ပထမဆုံးပါဝင်ခဲ့သည့် ခရိုင်ပင်မတိုက်ပွဲဝင် တင့်ကားသစ်၏ တိုက်စွမ်းရည်ကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က အလွန်ကျေနပ်အားရခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က ၎င်းတို့၏ နှစ်စဉ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများကို အပြီးသတ်နေချိန်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တင့်ကားတပ် စွမ်းရည်ပြပွဲကို ကိုယ်တိုင်ကြီးကြပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် လွန်ခဲ့သည့် သီတင်းပတ်ကလည်း မြောက်ကိုရီးယားရှေ့တန်းတပ်များ၏ အမြောက်ပစ်ခတ်လေ့ကျင့်မှုများကို ကိုယ်တိုင်ကြီးကြပ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ်မှတ်ယူထားကြောင်း သိရသည်။

Ref : RT
Trs : KKO





# သမ္မတရွေးကောက်ပွဲ၌ ပါဝင်မဲပေးကြခြင်းဖြင့် ရုရှားအနာဂတ်ကိုဆုံးဖြတ်ရန် သမ္မတပူတင်တိုက်တွန်း

**မော်စကို မတ် ၁၄**

ယခုသီတင်းပတ်အတွင်းကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲတွင် ပါဝင်မဲထည့်ခြင်းဖြင့် ရုရှားနိုင်ငံ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးကြရန် ရုရှားအချုပ်အခြာအောက်ထည့်သွင်းထားသည့် ယူကရိန်းနယ်မြေများမှ ပြည်သူများအပါအဝင် မဲဆန္ဒရှင်ပြည်သူများကို ရုရှားသမ္မတပူတင်က မတ် ၁၃ ရက်တွင် တိုက်တွန်းခဲ့သည်။

ယခုသီတင်းပတ်အတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ထည့်ခဲ့သည့် မဲဆန္ဒလက်မှတ်များမှာ တန်ဖိုးလည်းရှိ အဓိပ္ပာယ်လည်းရှိကြောင်း သမ္မတပူတင်က မတ် ၁၃ ရက်က ဗီဒီယိုမိန့်ခွန်း၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ယခုသီတင်းပတ်သမ္မတရွေးကောက်ပွဲ၌ ပါဝင်မဲထည့်ခြင်းဖြင့် ရုရှား၏အနာဂတ်ကိုအဆုံးအဖြတ်ပေးရာတွင်သွေးစည်းမှုကို ပြသရန် သမ္မတပူတင်ကတိုက်တွန်းခဲ့သည်။

ရုရှားနိုင်ငံသည် မတ် ၁၅ ရက်မှ ၁၇ရက်ထိ သမ္မတရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားရာ အဆိုပါရွေးကောက်ပွဲ၌ လက်ရှိသမ္မတပူတင်သာ အနိုင်ရရန် အလားအလာကောင်းလျက်ရှိသည်။

မတ် ၁၅ ရက်မှ ၁၇ ရက်အကြား သုံးရက်တာကာလအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးကြရန် ရုရှားပြည်သူများကို သမ္မတပူတင်က တိုက်တွန်းခဲ့သည်။

အသက် ၇၁ နှစ်အရွယ် သမ္မတပူတင်သည် ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ သမ္မတအဖြစ် လည်းကောင်း တစ်လှည့်စီရုရှားနိုင်ငံကို ဦးဆောင်မှုပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သို့ သွားရောက်မည်

**ပေကျင်း မတ် ၁၄**

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဝမ်ယိသည် လာမည့်သီတင်းပတ်အတွင်း သြစတြေးလျနှင့်နယူးဇီလန်နိုင်ငံတို့သို့ သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဝမ်ယိ၏ခရီးစဉ်ကို သြစတြေးလျနှင့် နယူးဇီလန်နှစ်နိုင်ငံလုံးမှ တာဝန်ရှိသူများက အတည်ပြုထားသည်။

သြစတြေးလျနိုင်ငံထုတ် ဝိုင်အရက်များအပေါ်ပြဋ္ဌာန်းထားသည့် ကုန်သွယ်ရေးကန့်သတ်ချက်များကို တရုတ်နိုင်ငံက ပြန်လည်ရုပ်သိမ်းပေးနိုင်ဖွယ်ရှိလာချိန်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးက သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သို့ သွားရောက်ရန်စီစဉ်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဝမ်ယိ၏ခရီးစဉ်ကို သြစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘာနီစီက ကြိုဆိုစကားပြောကြားထားသည်။

နယူးဇီလန်နိုင်ငံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးနောက်ဆုံး သွားရောက်ခဲ့သည့်အချိန်မှာ ၂၀၁၇ခုနှစ်ဖြစ်ပြီး ထိုစဉ်ကလည်း လက်ရှိနိုင်ငံခြားရေးဝန်ကြီး ဝမ်ယိပင် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် လာမည့်သီတင်းပတ်အတွင်း နယူးဇီလန်နိုင်ငံသို့လည်း လာရောက်မည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံခြားရေး ဝန်ကြီးဝင်စတန်ပီတာက ယနေ့တွင် အတည်ပြုထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဒိန်းမတ်အစိုးရက အမျိုးသမီးများကို စစ်မှုထမ်းအဖြစ်ဆင့်ခေါ်ရန် ဆန္ဒရှိနေ

**ကိုပင်ဟေဂင် မတ် ၁၄**

ဒိန်းမတ်နိုင်ငံတွင် အမျိုးသမီးများကို စစ်မှုထမ်းအဖြစ် ဆင့်ခေါ်ခြင်းဖြင့် စစ်မှုထမ်းလူငယ်အရေအတွက်ကိုမြှင့်တင်ရန် ဆန္ဒရှိနေကြောင်း ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်ဆင်က မတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် စစ်မှုထမ်းရမည့်သက်တမ်းကိုလည်း လက်ရှိ လေးလမှ ၁၂ လထိတိုးမြှင့်ရန် ဒိန်းမတ်နိုင်ငံက ဆန္ဒရှိနေကြောင်း သိရသည်။

မိမိတို့အနေဖြင့် စစ်ကိုလိုလားမှုကြောင့် လက်နက်ပြန်လည်တပ်ဆင်လိုခြင်းမဟုတ်ဘဲ စစ်ကို ရှောင်လွှဲရေးအတွက် လက်နက်ပြန်လည်တပ်ဆင်လိုခြင်းဖြစ်ကြောင်း ဒိန်းမတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံ၌ လက်ရှိအချိန်တွင် ပုံမှန်တပ်ဖွဲ့ဝင်ဦးရေ ၉၀၀၀ ထိရှိပြီး စစ်မှုထမ်းအဖြစ် ဆင့်ခေါ်ထားသူဦးရေ ၄၇၀၀ ထိရှိသည်။

ဒိန်းမတ်အစိုးရအနေဖြင့် စစ်မှုထမ်းအဖြစ်ဆင့်ခေါ်ထားသူအင်အားကို ဦးရေ ၅၀၀၀ ထိ မြှင့်တင်ရေးအတွက် ဦးရေ ၃၀၀ ထိ ထပ်တိုးဆင့်ခေါ်ရန် လိုလားလျက်ရှိသည်။

ဒိန်းမတ်နိုင်ငံသည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)၏ မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရုရှား-ယူကရိန်းစစ်ပွဲ၌ ယူကရိန်းကို ထောက်ခံထားသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။



Ref : Xinhua
Trs : KKO

# ဟေတီဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်မည့်အစီအစဉ် ကြေညာပြီးနောက် ပေါ်တိုပရင့်စ်မြို့၌ နှစ်ရက်ကြာငြိမ်သက်နေ

**ပေါ်တိုပရင့်စ် မတ် ၁၄**

ရာထူးမှနုတ်ထွက်ပေးမည့်အစီအစဉ်ကို ဟေတီနိုင်ငံဝန်ကြီးချုပ် အာရီယယ်အွန်နရီက ကြေညာခဲ့ပြီးနောက် မတ် ၁၃ ရက်တွင် ဟေတီနိုင်ငံ ပေါ်တိုပရင့်စ်မြို့တော်၌ဒုတိယနေ့အဖြစ် ငြိမ်သက်အေးချမ်းနေကြောင်း သိရသည်။

သို့ရာတွင် ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က ပေါ်တိုပရင့်စ်မြို့တော်ရှိ ၎င်းတို့၏ဝန်ထမ်းအင်အားများကို မတ် ၁၃ ရက်တွင် စတင်လျှော့ချနေကြောင်း သိရသည်။

ပေါ်တိုပရင့်စ်မြို့တော်ရှိ ဝန်ထမ်းအင်အားကို အမေရိကန်နိုင်ငံနှင့် ကုလသမဂ္ဂတို့က လျှော့ချနေမှုသည် လက်ရှိထွက်ပေါ်လာသည့် အေးချမ်းမှုကြာရှည်တည်တံ့နိုင်ဖွယ်မရှိကြောင်းကို ပြသလျက်ရှိသည်။

ဟေတီနိုင်ငံအတွင်း၌ လက်နက်ကိုင်ဂိုဏ်းများ၏ အကြမ်းဖက်မှုများ မြင့်တက်လာချိန်တွင် ရာထူးမှနုတ်ထွက်ပေးမည့်အစီအစဉ်ကို ဟေတီဝန်ကြီးချုပ်က ကြေညာခဲ့ခြင်းဖြစ်သည်။


နိုင်ငံရေးအသွင်ကူးပြောင်းရေးကောင်စီဖွဲ့စည်းပြီးချိန်၌ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဟေတီဝန်ကြီးချုပ်က မတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ဟေတီ၏သြဇာအကြီးမားဆုံး လက်နက်ကိုင်ဂိုဏ်းခေါင်းဆောင်ဖြစ်သည့် ဂျင်မီချီရီဇိုင်ရာက နိုင်ငံရေးအသွင်ကူးပြောင်းရေးကောင်စီဖွဲ့စည်းရေးကို ငြင်းပယ်ထားသည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာမြေနှင့်အထိုက်အလျောက်နီးကပ်သော ကြယ်တစ်စင်းကိုဝါးမျိုနေသည့် အာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**ဝါရှင်တန် မတ် ၁၄**

ကမ္ဘာမြေနှင့်အထိုက်အလျောက်နီးကပ်သော ကြယ်တစ်စင်းကိုဝါးမျိုနေသည့် အာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်သည် NGG 3749 အမည်ရှိ ကြယ်စုတစ်ခုအတွင်းတည်ရှိသည့် မဟာအာကာသ တွင်းနက်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဟာဗိုင်ရီတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

NGG 3749 ကြယ်စုသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၆၀ ခန့် အကွာတွင် တည်ရှိသည့်ကြယ်စုဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြယ်စုဗဟိုချက်ရှိ မဟာအာကာသတွင်းနက်သည် အနီးဝန်းကျင်ရှိ ကြယ်တစ်စင်းကို ဝါးမျိုနေမှု သိပ္ပံပညာရှင်များက ဖော်ထုတ် တွေ့ရှိခဲ့ကြသည်။

ASASSN-23bd အမည်ရှိ အဆိုပါ မဟာအာကာသတွင်းနက်သည် အရွယ်အစားအားဖြင့် နေ၏ ဒြပ်ထုထက် အဆပေါင်း တစ်သန်းခန့်ပိုကြီးကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကြယ်တစ်စင်းကို မဟာအာကာသတွင်းနက်တစ်ခုက ဝါးမျိုမှုဖြစ်စဉ်ကို ATLAS အမည်ရှိ ရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အင်္ဂါဂြိုဟ်၏ အထင်ရှားဆုံးနယ်မြေတစ်ခု၌ ရောမမီးတောင်ကြီးတစ်လုံး ပုန်းကွယ်တည်ရှိနေမှုကို သိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ


**ဝါရှင်တန် မတ် ၁၄**

အင်္ဂါဂြိုဟ်၏ အထင်ရှားဆုံး နယ်မြေတစ်ခု၌ ရောမမီးတောင်ကြီး တစ်လုံး ပုန်းကွယ်တည်ရှိနေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ် တွေ့ရှိခဲ့ကြောင်း ယနေ့သတင်းများ အရ သိရသည်။

အဆိုပါ ရောမမီးတောင်ကြီးသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်မှ သားဆစ်အမည်ရှိ မီးတောင်နယ်မြေ၏ အရှေ့ပိုင်းတွင်တည်ရှိကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ မရီနာ-၉ အာကာသယာဉ်သည် ၁၉၇၁ ခုနှစ်တွင် အဆိုပါမီးတောင် နယ်မြေကို လေ့လာနိုင်ခဲ့သော်လည်း အထက်ပါမီးတောင်ကို ရှာဖွေတွေ့မြင်မှု မရှိခဲ့ပေ။

အသစ်တွေ့ရှိထားရသည့် မီးတောင်သည် အရွယ်အစားအားဖြင့် အချင်း မိုင် ၂၈၀ ခန့်ရှိပြီး အမြင့် ၉၀၂၂ မီတာရှိကြောင်း သိရသည်။




မီးတောင်၏အရွယ်အစားနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ အဆိုပါမီးတောင်သည် အချိန်အတန်ကြာမျှ လှုပ်ရှားခဲ့သည့်သဘောရှိကြောင်း အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အသစ်ရှာဖွေ တွေ့ရှိရသည့် အင်္ဂါဂြိုဟ်မီးတောင်သည် အနာဂတ်အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးမစ်ရှင်များ၏ ခရီးပန်းတိုင်ဖြစ်လာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နှစ်ပေါင်း ၈၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ညကောင်းကင်ယံ၌ ကြယ်သစ်တစ်စင်းပေါ်ထွက်လာမှုကို ယခုနှစ်အတွင်းသာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်

**ဝါရှင်တန် မတ် ၁၄**

နှစ်ပေါင်း ၈၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ညကောင်းကင်ယံ၌ ကြယ်သစ်တစ်စင်းပေါ်ထွက်လာမှုကို ယခုနှစ်အတွင်းသာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း မတ် ၁၃ ရက် သတင်းများအရ သိရသည်။

TCrB အမည်ရှိ အဆိုပါကြယ်သစ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၃၀၀၀ ခန့်အကွာ မြောက်ယဉ်စွန်းတန်းကောင်းကင်ယံတွင် တည်ရှိပြီး ယခုနှစ်အတွင်း ကြယ်ပေါက်ကွဲမှုဖြစ်ပွားနိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

TCrB ကြယ်သည် ကြယ်ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ညကောင်းကင်ယံ၌ သီတင်းတစ်ပတ်ကြာမျှ ကြယ်တစ်စင်းပမာ တောက်ပနေလိမ့်မည်ဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

TCrB ကြယ်သည် ၁၇၈၇ ခုနှစ်မှစ၍ သီတင်းတစ်ပတ်ကြာ ကြယ်ပေါက်ကွဲမှုပေါင်း အနည်းဆုံး လေးကြိမ်ဖြစ်ပွားခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

TCrB ကြယ်သည် ၁၉၄၆ ခုနှစ်တွင် နောက်ဆုံးအကြိမ် ကြယ်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

စူပါနိုဗာခေါ် ကြယ်ပေါက်ကွဲမှုအများစုသည် အချိန်ကာလအားဖြင့် နှစ်နှင့်ချီကြာမြင့်လေ့ရှိသော်လည်း TCrB ကြယ်၏စူပါနိုဗာ ကြယ်ပေါက်ကွဲမှုမှာ ထူးထူးဆန်းဆန်းဆိုသလို သီတင်းတစ်ပတ်မျှသာ ကြာမြင့်တတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## PFAs ခေါ် ဓာတုပစ္စည်းများက နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်

**အမ်စတာဒမ် မတ် ၁၄**

ကမ္ဘာတစ်ဝန်းနေ့စဉ်သုံးစွဲနေကြသည့် လူသုံးပစ္စည်းများမှထွက်ပေါ်လာသော PFAs ခေါ် အဆိပ်အတောက်ရှိ ဓာတုပစ္စည်းများသည် လူသားတို့၏ နှလုံးကျန်းမာရေး အပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်နိုင်ကြောင်း မတ် ၁၃ ရက် သတင်းများအရ သိရသည်။

PFAs (Perfluoroalkyl Substances) ဓာတုပစ္စည်းများသည် ပတ်ဝန်းကျင်၌ နှစ်ရာပေါင်းများစွာရှိနေတတ်မှုကြောင့် ထာဝရဓာတုပစ္စည်းများဟူ၍ ဆေးပညာရှင်များက အမည်ပေးထားသည်။

PFAs များသည် ကင်ဆာရောဂါမှသည် မျိုးဆက်ပွားကျန်းမာရေးပြဿနာ အမျိုးမျိုးနှင့် ပတ်သက်နေကြောင်း သိရှိထားကြပြီးဖြစ်သည်။

သို့ရာတွင် နယ်သာလန်နှင့် ဂျာမနီ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ PFAs များ၏ဆိုးကျိုးသည် မျှော်လင့်ထားသည်ထက် ပို၍ကြီးမားပြီး နှလုံးကျန်းမာရေး အပေါ်တွင်လည်း ဆိုးကျိုး သက်ရောက်မှုရှိကြောင်း သိရသည်။

PFAs များကြောင့် သွေးအတွင်း၌ ကိုလက်စထရောနှင့် အခြားအဆီဓာတ်များ စုစည်းမှုမြင့်တက်လာနိုင်ကြောင်း နယ်သာလန်နှင့် ဂျာမနီသုတေသနပညာရှင်များက ပြောကြားသည်။

သွေးအတွင်း အဆီဓာတ်စုစည်းမှုလွန်ကဲပါက ရုတ်တရက်နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဗီတာမင်ဒီနှင့်ကယ်လ်စီယမ်ဆေး တွဲသုံးပါက အမျိုးသမီးများ၌ နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မားနိုင်

**နယူးယောက် မတ် ၁၄**

ဗီတာမင်ဒီနှင့် ကယ်လ်စီယမ် အားဖြည့်ဆေးနှစ်မျိုး တွဲဖက်သုံးစွဲပါက အမျိုးသမီးများ၌ နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း မတ် ၁၃ ရက် သတင်းများအရ သိရသည်။

ဓမ္မတာရာသီ ကုန်ဆုံးချိန်ရောက်လာပြီဖြစ်သော အမျိုးသမီးများသည် ကျန်းမာရေးအတွက် ဗီတာမင်ဒီနှင့်ကယ်လ်စီယမ် အားဖြည့်ဆေးများကို တွဲဖက်သုံးစွဲလေ့ရှိသည်။

ဗီတာမင်ဒီနှင့် ကယ်လ်စီယမ် အားဖြည့်ဆေးနှစ်မျိုး တွဲဖက်သုံးစွဲပါက အမျိုးသမီးများ၌ ကင်ဆာရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို ခုနစ်ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း လေ့လာချက်များအရ သိရသည်။

သို့ရာတွင် ၎င်းအားဖြည့်ဆေးနှစ်မျိုး တွဲဖက်သုံးစွဲမှုကြောင့် အမျိုးသမီးများ၌ အသက်အန္တရာယ်ရှိသည့် နှလုံးရောဂါများဖြစ်နိုင်ခြေလည်း ပုံမှန်ထက် ခြောက်ရာခိုင်နှုန်းပို၍ မြင့်မားနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၁၉၉၁ ခုနှစ်တွင် စတင်ခဲ့သည့်အမျိုးသမီးများ ကျန်းမာရေးအစီအစဉ်၌ပါဝင်ခဲ့သော အမျိုးသမီး ထောင်ပေါင်းများစွာတို့၏ အချက်အလက်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာချက်အရ ဗီတာမင်ဒီနှင့် ကယ်လ်စီယမ် တို့သည် ကင်ဆာရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်သော်လည်း ၎င်းဆေးများကြောင့် နှလုံးရောဂါဖြစ်နိုင်ခြေလည်း မြင့်မားလာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်များ

ML

### လူတန် Vs နော့တင်ဟမ်

**ကစားမည့်ရက်/အချိန် ၁၆-၃-၂၀၂၅ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နော့တင်ဟမ် ၂ - ၂ လူတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | - | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(ရှုံး) |
| နော့တင်ဟမ် | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |

နှစ်သင်းစလုံးတန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးစားနေရပေမဲ့ လူတန်အသင်းက ခံစစ်ကစားပုံတည်ငြိမ်မှုမရှိတာကြောင့် ခုနစ်ပွဲဆက်နိုင်ပွဲမရှိဘဲ ပေးဂိုးများနေပါတယ်။ နော့တင်ဟမ်ကတော့ လူတန်အသင်းထက် ကစားပုံနဲ့ ကစားသမားစုဖွဲ့မှုကောင်းနေတာကြောင့် အခုပွဲစဉ်မှာ လူတန်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် ကစားပုံသာလွန်နေတဲ့ နော့တင်ဟမ်ကို အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လူတန် ၁ - ၂ နော့တင်ဟမ်**

### ဖူလ်ဟမ် Vs စပါး

**ကစားမည့်ရက်/အချိန် ၁၆-၃-၂၀၂၅ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပါး ၂ - ၀ ဖူလ်ဟမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| စပါး | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |

ဖူလ်ဟမ်အသင်းဟာ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ ဝုဗ်အသင်းကို ခံစစ်ပိုင်းအားနည်းချက်ကြောင့် ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ စပါးအသင်းကတော့ တိုက်စစ်ကစားပုံထက်မြက်နေသလို ဒုတိယပိုင်းမှာဆို ကစားအားပိုကောင်းလာတတ်တာကြောင့် နောက်ဆုံးနှစ်ပွဲဆက်မှာ နောက်ကျဂိုးတွေနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ကစားပုံထက်မြက်နေတဲ့ စပါးကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖူလ်ဟမ် ၁ - ၂ စပါး**

## အီတလီစီးရီးအေ ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်

ML

### မွန်ဇာ Vs ကက်ဂလီယာရီ

**ကစားမည့်ရက်/အချိန် ၁၆-၃-၂၀၂၅ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကက်ဂလီယာရီ ၁ - ၁ မွန်ဇာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မွန်ဇာ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ကက်ဂလီယာရီ | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

အိမ်ကွင်းတိုက်စစ်ပိုင်းကောင်းတဲ့ မွန်ဇာအသင်းဟာ အခုအိမ်ကွင်းမှာလဲ ခြေရည်တူအသင်းနဲ့တွေ့နေလို့ နိုင်ပွဲရဖို့မဖြစ်မနေကြိုးပမ်းလာမှာပါ။ ကက်ဂလီယာရီကတော့ အဝေးကွင်းတိုက်စစ်ပိုင်းအားနည်းနေပြီး နောက်ဆုံးသုံးပွဲမှာ တိုက်စစ်က နှစ်ဂိုးသာသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ တိုက်စစ်ကောင်းတဲ့ မွန်ဇာကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မွန်ဇာ ၂ - ၀ ကက်ဂလီယာရီ**

### အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၁၆ ခုနှစ်က ချဲလ်ဆီးလူငယ်အကယ်ဒမီမှ ခေါ်ယူခဲ့သော မူစီအာလာကိုရောင်းချခဲ့ပါက စာချုပ်ပါသဘောတူညီချက်အရ ပြောင်းရွှေ့ကြေးမှ ၂၀ ရာခိုင်နှုန်းကို ချဲလ်ဆီးအသင်းက ရရှိမည်ဖြစ်ကြောင်း သိရသည်။
- ပရီးမီးယားလိဂ်ပွဲကျန်ဖြစ်သည့် ဘုန်းမောက်နှင့် လူတန်အသင်းတို့ပွဲစဉ်တွင် ဘုန်းမောက်အသင်းက ပထမပိုင်းတွင် သုံးဂိုးပြတ်ရှုံးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင်လေးဂိုးသွင်းယူခဲ့သောကြောင့် ပရီးမီးယားလိဂ်တွင် အကောင်းဆုံးပြန်လာနိုင်သည့် အသင်းအဖြစ်မှတ်တမ်းဝင်ခဲ့သည်။ ML

## ဂိုးသမား အိုဘလက်၏ ပင်နယ်တီနှစ်ကြိမ်ကာကွယ်မှုကြောင့် အေတီကိုအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် တက်ရောက်



**မက်ဒရစ် မတ် ၁၄**

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် အေတီကိုအသင်းက အင်တာမီလန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်တစ်ဖက်နှစ်ဂိုးစီ ထွက်ပေါ်နေခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်တွင် ဂိုးသမား အိုဘလက်က နှစ်ကြိမ်ကာကွယ်မှုပြုလုပ်၍ အသင်းကို ကွာတားအဆင့်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အေတီကိုအသင်းသည် ပထမအကျော့ အဝေးကွင်းပွဲစဉ်တွင် အင်တာမီလန်အသင်းကို အန်နာတိုဗစ်၏ သွင်းဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ယခုအိမ်ကွင်းပွဲစဉ်တွင်အနိုင်ရရှိရေးအတွက် ပွဲစကတည်းက တိုက်စစ်မြှင့်ကစားခဲ့သော်လည်း ပွဲချိန် ၃၃ မိနစ်တွင် ဒီမာကို၏ ဦးဆောင်ဂိုးကြောင့် ဖိအားအောက်ကျရောက်ခဲ့ပြီး ချေပဂိုးရရှိရေးအတွက်တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲချိန် ၃၅ မိနစ်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းက ချေပဂိုးသွင်းယူပေးခဲ့သဖြင့် အေတီကိုအသင်းသက်သာရာရခဲ့ကာ ဒုတိယပိုင်းတွင် လူစားဝင်ကစားသမား ဒီပေးက ပွဲချိန် ၈၇ မိနစ်တွင်အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ်တူညီနေသောကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ အေတီကိုအသင်းက ပင်နယ်တီလေးကြိမ်တွင် တစ်ကြိမ်သာလွဲချော်ခဲ့ပြီး ဂိုးသမား အိုဘလက်က အင်တာမီလန်အသင်းမှ ဆန်းချက်ဇ်နှင့် ကလာဆန်တို့၏ သွင်းဂိုးများကို ကာကွယ်နိုင်ခဲ့သည့်အပြင် တိုက်စစ်မှူး မာတီနက်ဇ်ကလည်း ပင်နယ်တီလွဲချော်ခဲ့သောကြောင့် အေတီကိုအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

Ref : Sputnik

Trs : ML

## ဗြိတိန်မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံနေသန်ဟေနီက ဘရက်ဒ်ပေါလ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်

**လန်ဒန် မတ် ၁၄**

ဗြိတိန်မစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ နေသန်ဟေနီက စိန်ခေါ်သူ ဘရက်ဒ်ပေါလ်နှင့် မတ် ၁၆ ရက်၌ အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

နေသန်ဟေနီသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်က မန်ချက်စတာမြို့တွင် ဘန်တလေနှင့်ထိုးသတ်ကာ ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဗြိတိန်မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကိုဆွတ်ခူးနိုင်ခဲ့ပြီး ယခု ပထမဆုံးအကြိမ် ကာကွယ်ပွဲထိုးသတ်သွားမည်ဖြစ်ကာ ဘရက်ဒ်ပေါလ်သည်လည်း ဗြိတိန်မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကိုဆွတ်ခူးရရှိခဲ့ဖူးသူဖြစ်သည်။

နေသန်ဟေနီက "ကျွန်တော့်ရဲ့ ပရိသတ်အများစုကနေရာပေါင်း ၁၃ နေရာကဖြစ်ပါတယ်။ ဒါကြောင့် ပရိတ်သတ်တွေအတွက် လက်မှတ်အစောင်ရေ ၂၀၀၀ အခမဲ့ပေးဝေဖို့အတွက် မတူညီတဲ့စာတိုက်နံပါတ် ၁၃ ခုကနေပေးပို့ခဲ့ပါတယ်။ ပေးပို့တဲ့ကြာချိန်ကလည်း ၁၀ ရက်ထိကြာမြင့်ခဲ့တယ်။ ကျွန်တော့်ပရိသတ်တွေအားလုံး ဒီပွဲစဉ်ကိုလာရောက်ကြည့်ရှုနိုင်ဖို့အတွက် ကျွန်တော့်ဘက်က အတတ်နိုင်ဆုံးစီစဉ်ပေးထားပါတယ်။ ကျွန်တော့်ကို စိတ်ဓာတ်တက်ကြွစေမဲ့ ကျွန်တော့်ရဲ့ လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ဖို့အတွက် ပရိသတ်တွေရဲ့အားပေးမှုကခွန်အားရစေပါတယ်။ကျွန်တော့်ကိုအားပေးဖို့အတွက် ကျွန်တော့်ပရိတ်သတ်တွေ ငွေကုန်ကြေးကျများသွားတာမျိုးမဖြစ်စေချင်တဲ့အတွက် အခုလို ပရိသတ်တွေအတွက် လက်မှတ်ဝယ်ပေးဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Xinhua

Trs : KKO

## ပီအက်စ်ဂျီအသင်းက နွေရာသီအပြောင်းအရွှေ့တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၅ သန်းဖြင့် ကမ်းလှမ်းရန်ပြင်ဆင်

**မန်ချက်စတာ မတ် ၁၄**

ပီအက်စ်ဂျီအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည့် အမ်ဘက်ပီ၏နေရာတွင်အစားထိုးရန် မန်ယူအသင်းမှ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၅သန်း ထိပေးချေကာ ကမ်းလှမ်းရန်အတွက် ပြင်ဆင်ထားကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် အသင်းမှ အဓိကတိုက်စစ်မှူး အမ်ဘက်ပီကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း အမ်ဘက်ပီကိုယ်တိုင်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး ရာသီအကုန်တွင် အသင်းနှင့် သဘောပေါက်လမ်းခွဲမည်ဖြစ်သောကြောင့် ပီအက်စ်ဂျီအသင်းက ၎င်း၏နေရာတွင်အစားထိုးရန် ကစားသမားကို လက်ရှိအချိန်တည်းက ရှာဖွေနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် အစောပိုင်းကလည်း နာပိုလီအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် အိုဆီမန်၊ ဘာစီလိုနာအသင်းမှ လူငယ်ကစားသမား ယာမယ်၊လီဗာပူးအသင်းမှ ဒီယက်ဇ်၊ အေစီမီလန်အသင်းမှ ရာဖေးလီအိုတို့ကိုလည်း စောင့်ကြည့်နေပြီး ယခုအခါ ဦးစားပေးပစ်မှတ်အဖြစ် ရက်ရှ်ဖို့ဒ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၅ သန်းဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက ရက်ရှ်ဖို့ဒ်ကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၇၅ သန်းဖြင့် ကမ်းလှမ်းမည့်အပြင် လုပ်ခလစာကိုလည်း မန်ယူအသင်းတွင်ရရှိနေသည့် လုပ်ခလစာထက်ပိုပေးချေပြီး တစ်ပတ်လုပ်ခစတာလင်ပေါင် ၅၀၀၀၀၀ ပေးပြီး ကမ်းလှမ်းရန်ပြင်ဆင်ထားခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းနှင့် ပြိုင်ပွဲစုံ သွင်းဂိုး ၃၀ထိသွင်းယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ၌ ၃၄ ပွဲကစားပြီးချိန်တွင် ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : STA

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ကျင်းပ

**နေပြည်တော် မတ် ၁၄**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေး ကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့တွင် စတင် ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲသို့ အားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော် ဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိ သူများနှင့် အားကစားဝါသနာ ရှင်များလာရောက်ကြည့်ရှုအားပေး ခဲ့သည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များ အဖြစ် လေ့ကျင့်ရေးကွင်းအမှတ် (၁)တွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃)တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိ ခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် အုပ်စု ပွဲစဉ်များကို မတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်အသင်းနှင့်တနင်္သာ ရီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်းသိရသည်။

**STA**

# ပီအက်စ်ဂျီအသင်းက နိုက်အသင်းကိုအနိုင်ယူ၍ ကိုပါဒယ်ဖလား ဆီမီးဖိုင်နယ်တက်ရောက်

**ပဲရစ် မတ် ၁၄**

ပီအက်စ်ဂျီအသင်းသည် ကိုပါ ဒယ်ဖလား ကွာတားဖိုင်နယ်အဆင့် တွင် နိုက်အသင်းကို သုံးဂိုး တစ်ဂိုး ဖြင့် ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက် ခဲ့ကြောင်း သိရသည်။




ပီအက်စ်ဂျီအသင်းသည် အမှတ် ပေးပြိုင်ပွဲတွင် နောက်ဆုံးကစားခဲ့ သည့် သုံးပွဲဆက်သရေရလဒ်ထွက် ပေါ်ခဲ့သော်လည်း ဒုတိယနေရာမှ ဘရက်အသင်းကို ရမှတ် ၁၀ မှတ် ထိဖြတ်တောက်၍ အမှတ်ပေး ဇယားကို ဦးဆောင်နိုင်ခဲ့သကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆိုစီဒက် အသင်းကို နှစ်ကျော့စလုံးအနိုင်ယူ ၍ ကွာတားဖိုင်နယ်အဆင့်ထိရောက် ရှိခဲ့ကာ ယခုကိုပါဒယ်ဖလားပြိုင်ပွဲ တွင်လည်း နိုက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့် ရောက်ရှိ ခဲ့သည်။

နိုက်အသင်းနှင့် ပွဲစဉ်တွင် နည်းပြအန်းနရစ်သည် တိုက်စစ်ပိုင်း တွင် အမ်ဘက်ပီ၊ ဒမ်ဘီလီနှင့် ဂွန် ကာလိုရာမိုစ်တို့ကို တွဲဖက်အသုံး ပြုခဲ့သဖြင့် ပွဲစကတည်းကဘောလုံး ပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင် ခဲ့ရာ ပွဲချိန် ၁၄ မိနစ်၌ အမ်ဘက်ပီ က ဦးဆောင်ဂိုး၊ ပွဲချိန် ၃၃ မိနစ် တွင် ဗေဘီယန်ရုစ်ဇ်က ဒုတိယ သွင်းဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် နိုက် အသင်းက ချေပဂိုးရရှိရေးအစွမ်း ကုန်ကြိုးပမ်းခဲ့ရာ ပွဲချိန် ၃၇ မိနစ် တွင် လာဘော်ဒီက ချေပဂိုးပြန်လည် သွင်းယူခဲ့သောကြောင့် ပထမပိုင်း၌ နှစ်ဂိုး တစ်ဂိုးဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ပီအက်စ်ဂျီ အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ ပေး၍ အနိုင်ရလဒ်ကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် ဘာရယ်ဒိုက တတိယမြောက်သွင်းဂိုး သွင်းယူနိုင်ခဲ့သောကြောင့် နိုက် အသင်းကစားပုံ ကျဆင်းသွားခဲ့ကာ လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း ချေပဂိုးမရရှိခဲ့ဘဲ သုံးဂိုး တစ်ဂိုး ဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ ရသည်။

ပီအက်စ်ဂျီအသင်းသည် ဆီမီး ဖိုင်နယ်အဆင့်တွင် ရင်းနက် အသင်းနှင့်တွေ့ဆုံနေပြီး အဆိုပါ ပွဲစဉ်ကို လာမည့် ဧပြီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : ML

# ACE Badminton Tournament 2024

# ကြက်တောင်ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ၃၁ ရက်ထိ ကျင်းပသွားမည်

**ရန်ကုန် မတ် ၁၄**

ACE Badminton Tournament 2024 ကြက်တောင်ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ၃၁ရက်ထိ ရန်ကုန် မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲ အမျိုးအစားများအဖြစ် သာမန်တန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်းအမျိုးသမီးနှစ်ယောက် တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသား+ အမျိုးသမီး နှစ်ယောက် တွဲပြိုင်ပွဲ၊ဝါသနာရှင်တန်းအမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင် တန်းအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ သက်လတ်တန်း နှစ်ယောက်ပေါင်း အသက် ၇၀ နှစ် နှစ်ယောက်တွဲပြိုင်ပွဲ၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း အသက် ၉၀ နှစ် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၇ နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၇ နှစ် အောက်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၉ နှစ် အောက်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ များ ကျင်းပမည်ဖြစ်သည်။

ACE Badminton Tournament 2024 ကြက်တောင်ပြိုင်ပွဲ တွင် ဆုကြေးငွေများအဖြစ် သာမန် တန်းအမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ တွင် ပထမဆု ၅၀၀၀၀၀၊ ဒုတိယ ဆု ၃၀၀၀၀၀၊တတိယဆု ၂၀၀၀၀၀၊ သာမန်တန်းအမျိုးသမီးနှစ်ယောက် တွဲပြိုင်ပွဲ၊ သာမန်တန်း အမျိုးသား+ အမျိုးသမီး နှစ်ယောက် တွဲပြိုင်ပွဲ၊ဝါသနာရှင်တန်းအမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ပထမ ဆု ၄၀၀၀၀၀၊ ဒုတိယဆု ၂၅၀၀၀၀၊ တတိယဆု ၁၅၀၀၀၀၊ ဝါသနာရှင် တန်းအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ တွင် ပထမဆု ၃၀၀၀၀၀၊ ဒုတိယ ဆု ၁၅၀၀၀၀၊တတိယဆု ၁၀၀၀၀၀၊ သက်လတ်တန်း နှစ်ယောက်ပေါင်း အသက် ၇၀ နှစ် နှစ်ယောက်တွဲပြိုင်ပွဲ၊ သက်ကြီးတန်း နှစ်ယောက်ပေါင်း အသက် ၉၀ နှစ် နှစ်ယောက်တွဲပြိုင်ပွဲ တို့တွင် ပထမဆု ၂၅၀၀၀၀၊ဒုတိယ ဆု ၁၅၀၀၀၀၊တတိယဆု ၁၀၀၀၀၀၊ အသက် ၁၇ နှစ်အောက်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၊ အသက် ၁၉ နှစ် အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတို့၌ ပထမဆု ၃၀၀၀၀၀၊ ဒုတိယဆု ၂၀၀၀၀၀၊ တတိယဆု ၁၀၀၀၀၀၊အသက် ၁၇ နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊အသက် ၁၉ နှစ်အောက် အမျိုးသမီးတစ်ဦး ချင်းပြိုင်ပွဲတို့၌ ပထမဆု ၂၀၀၀၀၀၊ ဒုတိယဆု ၁၅၀၀၀၀၊ တတိယဆု ၁၀၀၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်များ

STA

ဒမ်စတက် Vs ဘိုင်ယန်မြူးနစ်

**ကစားမည့်ရက်/အချိန် ၁၆-၃-၂၀၂၄ (ည ၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၈ – ၀ ဒမ်စတက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | – | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဘိုင်ယန်မြူးနစ် | – | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ဒမ်စတက်အသင်းရဲ့ခြေစွမ်းပိုင်းက တော်တော်လေးဆိုးရွားနေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းကတော့ လေဗာကူဆင်အသင်းနဲ့ရမှတ်ကွာဟမှုလျှော့ချနိုင်ဖို့အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်း အသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲအနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဒမ်စတက် ၀ – ၄ ဘိုင်ယန်မြူးနစ်**

ဟော်ဖန်ဟိန်း Vs စတုဂတ်

**ကစားမည့်ရက်/အချိန် ၁၆-၃-၂၀၂၄ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၂ – ၃ ဟော်ဖန်ဟိန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိန်း | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| စတုဂတ် | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

စတုဂတ်အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်နေလို့ အဝေးကွင်းဆိုပေမယ့် အမှားခံမှာမဟုတ်ပါဘူး။ ဟော်ဖန်ဟိန်းအသင်းကလည်း တိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမယ့် ခံစစ်ပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် အဝေးကွင်းဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်း တည်ငြိမ်မှုရှိတဲ့ စတုဂတ်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဟော်ဖန်ဟိန်း ၁ – ၂ စတုဂတ်**

# စပိန်လာလီဂါ ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်

STA

ဘီလ်ဘာအို Vs အလာဗက်

**ကစားမည့်ရက်/အချိန် ၁၇-၃-၂၀၂၄ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘီလ်ဘာအို ၂ – ၀ အလာဗက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | – | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| အလာဗက် | – | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိတဲ့ ဘီလ်ဘာအို အသင်းဟာ အလာဗက်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစား နိုင်မှာပါ။လက်ရှိအလာဗက်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရလို့ ဘီလ်ဘာအိုအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံမာကျောမှုရှိတဲ့ ဘီလ်ဘာအိုအသင်းပဲအနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဘီလ်ဘာအို ၂ – ၀ အလာဗက်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

STA

လန်း Vs နိုက်

**ကစားမည့်ရက်/အချိန် ၁၇-၃-၂၀၂၄ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နိုက် ၂ – ၀ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လန်း | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |
| နိုက် | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |

လန်းအသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်ရှိနေလို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အမှားခံမှာမဟုတ်ပါဘူး။ နိုက်အသင်းကတော့ သုံးပွဲဆက်ရှုံးပွဲကြုံထားပြီး ခြေစွမ်းပိုင်းက အကျဘက်ကိုရောက်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမယ့် လန်း အသင်းနဲ့ပဲလက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – လန်း ၁ – ၀ နိုက်**

ခရီးသွားဆောင်းပါး

# အေးချမ်းသာယာ မန်းစက်တော်ရာ

သက်နိုင်(ပြင်ဦးလွင်)

မန်းရွှေစက်တော်ဘုရားမှာ သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းကြမယ်ဆိုပြီး မောင်နှမတစ်တွေ စုပေါင်းထွက်ခွာလာတဲ့ခရီးက ပုပ္ပားတောင်ကလပ်ကို တက်ရောက်အပြီး ပြန်လည်ထွက်ခွာလာခဲ့ကြပါပြီ။ တကယ်တော့ ပုပ္ပားတောင်ကလပ်က မူလခရီးစဉ်မှာမပါဝင်ဘဲ ခရီးဖော်အဖြစ် အတူတကွလိုက်ပါလာကြတဲ့ တူလေးတွေကလဲ မရောက်ဖူးသေးလို့၊ လမ်းခရီးကလဲသင့်နေလို့ ရောက်ခဲ့ကြရတာပါ။ ပုပ္ပားတောင်ကနေ ကျောက်ပန်းတောင်းမြို့ကိုဖြတ်ကျော် မောင်းနှင်လာတော့ ညနေ ၃ နာရီဝန်းကျင်ရှိနေပါပြီ။ ကျောက်ပန်းတောင်းမြို့ကနေ ဆက်လက်ပြီး ရေနံချောင်းမြို့၊ မကွေးမြို့၊ မင်းဘူးမြို့တွေကတစ်ဆင့် ရွှေစက်တော်ကိုသွားရောက်ကြရမှာပါ။ ကျောက်ပန်းတောင်းမြို့ကိုကျော်လွန်လာပြီး ငွေးချို၊ ငွေးပင် စတဲ့ ရွာကြီးတွေကိုရောက်တော့ ထန်းရည်ဆိုင်တွေကိုတန်းစီပြီး တွေ့မြင်လာခဲ့တယ်။ ထန်းရည်ဆိုင်လေးတွေက အရိပ်ကောင်းတဲ့ ညောင်မုတ်ဆိတ်ပင်ကြီးတွေအောက်မှာ ဖွင့်လှစ်ရောင်းချနေကြသလို ခါချွေဦးဆန်းစပေါ် ဦးပေါ် ဖျားထန်းရည်နဲ့အတူ ထန်းသီး၊ ထန်းလျက်တွေကိုလဲ ဝယ်ယူရရှိနိုင်နေတယ်။ ခရီးစဉ်အရ အသွားခရီးသာဖြစ်နေသေးလို့ အပြန်ခရီးရောက်မှ လိုအပ်တာတွေကိုဝယ်ယူကြဖို့ မောင်နှမတစ်တွေ တိုင်ပင်ထားလိုက်ကြတယ်။

ကားဆက်လက်မောင်းလာရင်းနဲ့ တူလေးတွေကို ရေနံချောင်းမြို့ကိုမရောက်ခင် မြို့အနီးမှာတံတားရှည်ကြီးတစ်ခုရှိတယ်။ အရင်တုန်းကတော့ အဲဒီတံတားရှည်ကြီးက ဆွေးမြည့်နေပြီဖြစ်တဲ့ တံတားအိုကြီးပေ့ါ။ တံတားပေါ်ကနေ ကားတွေ၊ ဆိုင်ကယ်တွေဖြတ်မောင်းသွားရင် တံတားကြီးကလှုပ်လှုပ်၊ လှုပ်လှုပ်နဲ့ကြောက်စရာကောင်းတယ်။ အခုတော့ ကွန်ကရစ်တံတားအသစ်ကြီးဖြစ်နေပါပြီ။ တံတားကြီးရဲ့အောက်မှာ ရေတွေတသွင်သွင်စီးဆင်းနေတဲ့ ချောင်းလေးတစ်ခုလဲရှိတယ်။ ချောင်းရေတွေက အေးပြီးကြည်လင်နေတာပဲ။ ရေကလဲ မနက်ဘူး။ ဒူးခေါင်းလောက်ပဲရှိတယ်။ ချောင်းတစ်လျှောက်မှာ လှလှပပဆောက်လုပ်ထားတဲ့ ဝါးတဲလေးတွေရှိတယ်။ အစားအစာတွေကို မှာယူစားသောက်လို့ရတယ်။ အဲဒီချောင်းလေးရှိတဲ့နေရာကို လူတွေက ရေချိုးလာကြတယ်။ ရေကစားကြတယ်။ အစားအစာတွေ မှာယူစားသောက်ပြီး အပန်းဖြေကြတယ်။ ဒါကြောင့် အဲဒီနေရာကို ဒေသခံတချို့က ရေနံချောင်းချောင်းသာလို့ခေါ်ဆိုကြတယ်။ အလွန်သာယာလှပတဲ့နေရာလဲဖြစ်တယ်လို့ ပြောဆိုအပြီးမှာ တူလေးတွေက ဝင်ချင်တယ်၊ ရေဆော့ကစားချင်တယ်ဆိုပြီး ပူဆာကြတော့တာပေ့ါ။ မိမိရဲ့စိတ်ထဲမှာလဲ ကလေးတွေပျော်အောင် ခဏလောက်တော့ ဝင်ပေးလိုက်ပါ့မယ်လို့ စိတ်ကူးထားလိုက်မိပေမဲ့ ရေနံချောင်းမြို့အဝင်တံတားကြီးရှိရာကိုလဲရောက်ရော တံတားအောက်ကိုကြည့်လိုက်တော့ ဘာတဲတွေ၊ ဘာဆိုင်တွေမှ မရှိတော့ဘဲ အားလုံးဖျက်သိမ်းထားပြီးဖြစ်နေသလို ရေချိုး၊ ရေကစားနေသူတွေ၊ အပန်းဖြေနေကြသူတွေ တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရတော့ပါဘူး။ ချောင်းလေးကတော့ အပူရှိန်ပြင်းတဲ့နေရောင်အောက်မှာ တည်တည်ငြိမ်ငြိမ်နဲ့ ဆက်လက်စီးဆင်းမြဲ၊ စီးဆင်းနေတာကို တွေ့မြင်နေရတယ်။ မိမိရဲ့တူလေးတွေကိုလဲ ဝင်ပြီးလည်လို့မရတော့ဘူး။ ရေချိုးလို့လဲမရတော့ဘူးလို့ ချော့မော့ပြောဆိုပြီး ခရီးစဉ်အတိုင်းဆက်လက်မောင်းနှင်လာခဲ့ရတယ်။ ဒီလိုနဲ့ ရေနံချောင်းမြို့ရှောင်လမ်းကနေ နာမည်ကျော်သဲချောင်းကြီးတည်ရှိရာ ဒေါင်းနေချောင်းရှိရာကို ရောက်လာခဲ့ကြတယ်။ ဒေါင်းနေချောင်းကိုဖြတ်ကျော် မောင်းနှင်ပြီးတာနဲ့ မကြာခင်မှာ မကွေးမြို့ကို ဝင်ရောက်တော့မှာဖြစ်ပါတယ်။

မကွေးမြို့ရောက်ခါနီး အတက်လမ်းတစ်နေရာမှာ ခွေးဘီလူးကားလေးတစ်စီး ကားစက်မနိုးတာကြောင့် လူနှစ်ယောက်ထဲနဲ့ ပင်ပင်ပန်းပန်းခက်ခက်ခဲခဲ တွန်းနေကြတာကို တွေ့မြင်နေရလို့ မောင်နှမတစ်တွေအားလုံး ကားပေါ်ကဆင်းပြီး ဝိုင်းဝန်းကူညီ တွန်းပေးခဲ့သေးတယ်။ အတက်ခရီးလမ်းရှည်ကြီးမှာ နှစ်ယောက်အားနဲ့ တွန်းနေတဲ့ကားလေးက လိမ့်ရုံသာလိမ့်နေပြီး အရှိန်မရတာကြောင့် ဘယ်လိုမှစက်မနိုးနိုင်ပါဘူး။ မိမိတို့ မောင်နှမတစ်တွေအားလုံး စုပေါင်းပြီးတွန်းပေးလိုက်မှ အရှိန်နဲ့စက်နိုးသွားပြီး ဆက်လက်မောင်းနှင်သွားခဲ့တယ်။

ညနေ ၄ နာရီကျော်လောက်မှာ မကွေးမြို့ကိုဝင်ရောက်လာလို့ နာမည်ကျော်တန့်ခိုးကြီး မြသလွန်စေတီတော်ကို ဝင်ရောက်ဖူးမြော်ကြတယ်။ အရင်အခေါက်တွေကတည်းက စေတီတော်ကြီးကို ဖူးမြော်ကြပြီးဖြစ်နေပေမဲ့ ရန်ကုန်မြို့ရောက်တိုင်း ရွှေတိဂုံစေတီတော်ကြီးကို မဖြစ်မနေသွားရောက် ဖူးမြော်ကြမြဲဖြစ်သလို အခုလဲမကွေးမြို့ကိုရောက်ရှိနေခိုက် စေတီတော်ကြီးရှိရာကို ဦးခိုက်ဖူးမြော်ကြတာပါ။ ဘုရားဖူးပြီးတာနဲ့ ဧရာဝတီမြစ်ကူးတံတားကြီးကိုဖြတ်




**မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာကို တွေ့ရစဉ်။**

ပြီး မင်းဘူးမြို့ကိုခရီးဆက်ခဲ့ကြတယ်။ ပြင်ဦးလွင်မြို့က နေမထွက်ခင်ကတည်းက မင်းဘူးမြို့မှာရှိတဲ့ နယ်ခံမိတ်ဆွေတွေကို ဖုန်းဆက်အကြောင်းကြားထားတာကြောင့် နယ်ခံမိတ်ဆွေက မြို့အဝင်ကနေလာရောက်စောင့်ဆိုင်းကြိုဆိုနေပြီး ညနေစာထမင်းစားသောက်ကြဖို့အတွက် ချက်ပြုတ်ပြင်ဆင်ထားပြီးပြီဖြစ်ကြောင်း၊ ညအိပ်ဖို့အတွက်လဲ နေရာထိုင်ခင်းအိပ်ရာတွေကို အဆင်သင့်ပြုလုပ်ထားပြီးဖြစ်ကြောင်း ပြောပြတယ်။ ဒါပေမဲ့ မိမိတို့မောင်နှမတစ်တွေက နောက်တစ်နေ့မနက်စောစော ရွှေစက်တော်မှာရှိတဲ့ သံဃာတော်တွေကို အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူဖို့ ရည်ရွယ်ထားပြီးဖြစ်နေလို့ ညမအိပ်နိုင်တော့ကြောင်း တောင်းပန်ငြင်းဆိုပြီး ညနေစာထမင်းကိုသာ စားသောက်ကြဖို့ လက်ခံလိုက်ကြတယ်။

နယ်ခံမိတ်ဆွေတွေရဲ့အိမ်က မင်းဘူးမြို့အနီး ဘော့ကုန်းဆိုတဲ့ရွာဖြစ်ပြီး မန်းရေနံမြေအတွင်းကနေ ဖြတ်သန်းမောင်းနှင်သွားရတယ်။ မန်းရေနံမြေထဲကနေ ဖြတ်သန်းလာရတာကြောင့် ရေနံတူးဖော်နေတဲ့ မြင်ကွင်းတွေ၊ ထွက်ရှိလာတဲ့ရေနံစိမ်းတွေ၊ ရေနံပိုက်လိုင်းစတာတွေကို မြင်တွေ့လေ့လာခွင့်ရကြတယ်။ အထူးသဖြင့် ရေနံတူးဖော်တာကို မမြင်ဖူးသေးတဲ့ တူလေးတွေက ရေနံစင်ကြီးတွေနဲ့တူးနေတာကို လက်တွေ့မြင်ခွင့်ရကြပြီး အလွန်သဘောကျနေကြတယ်။ ပြင်ဦးလွင်လို တောင်ပေါ်မြို့မှာနေထိုင်ကြတဲ့ ကလေးလူငယ်တွေအတွက် ရေနံတူးဖော်နေတာကို တွေ့မြင်လေ့လာခွင့်ရတာ ဝမ်းမြောက်စရာပါ။ ဘော့ကုန်းရွာက မင်းဘူး-စကုလမ်းဘေး မန်းရေနံမြေအဝင်ဂိတ်ကနေ အတွင်းထဲကို တစ်မိုင်ကျော်၊ နှစ်မိုင်လောက်ဝင်ရောက်မောင်းနှင်လာရတယ်။ ဘော့ကုန်းရွာရဲ့ ဘေးပတ်ဝန်းကျင်မှာလဲ ရွာနီးချုပ်စပ် ၁၀ ရွာလောက်ရှိနေကြောင်း သိရတယ်။ နယ်မြေဒေသရဲ့ အခြေအနေအရ ရွာတွေတည်ရှိနေတာကအရင်၊ ရေနံမြေက နောက်မှ ပေါ်ပေါက်လာတာကြောင့် အနီးဝန်းကျင်မှာရှိတဲ့ ရွာသူ၊ ရွာသားတွေကို ရေနံမြေအတွင်းကနေ ဖြတ်သန်းသွားလာခွင့်ပြုထားတယ်။

မိတ်ဆွေအိမ်မှာ ညစာထမင်းစားတော့ တောချက်၊ ရွာချက်ကြက်သား၊ ဝက်သားဟင်းတွေအပြင် ဘူးသီးနဲ့ လက်ပံခေါင်းရောနှောချက်ထားတဲ့ အချဉ်ရည်ဟင်းတစ်ခွက်လဲပါဝင်နေတယ်။ လမ်းတစ်လျှောက်မှာတွေ့ခဲ့ရတဲ့ လက်ပံပွင့်တွေ၊ အချို့ကောက်ယူနေကြတဲ့ လက်ပံပွင့်တွေ အခြောက်လှန်းပြီး လက်ပံပွင့်၊ လက်ပံခေါင်းတွေကို ဟင်းအဖြစ်နဲ့စားသောက်နေကြရပါပြီ။ ထမင်းစားဝိုင်းမှာ အငွေ့တထောင်းထောင်းနဲ့ ပူလောင်နေပြီး အရည်ကျနေပြီဖြစ်တဲ့ ချဉ်ရည်ဟင်းကြောင့် စားကောင်း၊ သောက်ကောင်းခဲ့ကြရတယ်။

ထမင်းစားသောက်ပြီးတာနဲ့ မန်းရွှေစက်တော်ဘုရားရှိရာကို ခရီးဆက်ခဲ့ကြတယ်။ အချိန်က နေဝင်မိုးချုပ်နေပြီဖြစ်လို့ အိမ်တိုင်းမှာ၊ လမ်းတိုင်းမှာ ညမီးတွေထွန်းညှိ လင်းလက်နေကြပါပြီ။ ရွှေစက်တော်ကို သွားတဲ့အခါ မင်းဘူးမြို့ထိပြန်မသွားတော့ဘဲ မန်းရေနံမြေဝန်ထမ်းအိမ်ရာ အတွင်းလမ်းကနေဖြတ်သန်းမောင်းနှင်လာခဲ့ရတာကြောင့် ခရီးနီးသွားခဲ့တယ်။ ဒ့ါပြင် အလွန်ကျယ် ဝန်းပြီး များပြားလှတဲ့အိမ်ရာတွေကို တွေ့မြင်နေရလို့ မန်းရေနံမြေဆိုတာ နိုင်ငံရဲ့အလွန်ကြီးမားတန်ဖိုးရှိလှတဲ့ လုပ်ငန်းကြီးတစ်ခုဆိုတာကို စဉ်းစားတွေးမြင်မိလိုက်တယ်။

မင်းဘူး-ရွှေစက်တော်လမ်းပေါ် ရောက်တော့ အလွန်မှောင်နေပြီဖြစ်သလို လမ်းပေါ်မှာလဲ အသွားအလာတွေရှင်းနေပါပြီ။ တစ်လမ်းလုံးမှောင်မှောင်မည်းမည်းနဲ့ ကားမီးရောင်တစ်ခုထဲကိုသာ အားပြုဂရုစိုက်မောင်းနှင်နေရတယ်။ အချို့နေရာလေးတွေမှာ မီးလင်းနေတဲ့စက်သုံးဆီအရောင်းဆိုင်တွေကို မြင်တွေ့နေရတယ်။ ကားဒိုင်ခွက်မှာပြသနေတဲ့ ဆီအခြေအနေကိုကြည့်လိုက်တော့ အတုံးလေးတုံးကျန်ရှိနေသေးကြောင်း သိရှိလိုက်ရတာကြောင့် ရွှေစက်တော်ဘုရားထိ အသွားအပြန်ခရီးကို လောက်ငမှုရှိနေသေးတယ်။ နောက်တစ်နေ့ မကွေးမြို့ရောက်မှ ရှေ့ခရီးအတွက် ထပ်မံဖြည့်တော့မယ်ဆိုပြီး စဉ်းစားထားလိုက်တယ်။ ဒါပေမဲ့ ရွှေစက်တော်လမ်းခွဲကိုလဲရောက်လာရော ဒိုင်ခွက်မှာပြသနေတဲ့ အတုံးလေးတုံးက တစ်တုံးလျော့ကျသွားပြီး သုံးတုံးသာကျန်တော့တာကြောင့် ကားဆီအတွက် အနည်းငယ်စိတ်ပူသွားခဲ့ရတယ်။ ဒီလိုစိတ်ပူလာလို့လဲ ရှေ့မှာတွေ့တဲ့ ဆီဆိုင်တစ်ဆိုင်ဆိုင်မှာ ဆီဖြည့်မယ်ဆိုပြီး ဆုံးဖြတ်လိုက်ရတယ်။ အနည်းငယ်စိတ်ပူရင်း စက်သုံးဆီအရောင်းဆိုင်ကို တွေ့ရှိရလိမ့်နိုးနိုးနဲ့ ဆက်လက်မောင်းနှင်လာခဲ့တာ ညဉ့်ကလဲပိုမိုနက်သည်ထက်နက်လာ၊ စက်သုံးဆီဆိုင်ကိုလဲမတွေ့၊ မန်းရွှေစက်တော်ဘုရားရှိရာကိုလဲ တော်တော်နဲ့ မရောက်နိုင်၊ ဒိုင်ခွက်ကိုကြည့်လိုက်တော့ လက်ကျန်ဆီအခြေအနေက နှစ်တုံးသာကျန်ရှိနေတော့လို့ အနည်းငယ်ပူနေရတဲ့ မူလစိတ်က ပိုမိုပူပန်လာရတော့တယ်။ ဒါကြောင့်လဲ တစ်ခုခုတော့မှားနေပြီဖြစ်ကြောင်း မိမိကိုယ်တိုင်လဲ ပြန်လည်စဉ်းစားရင်း၊ ကျန်တဲ့မောင်နှမတွေကိုလဲ အသိပေးပြောကြားရင်း ကားကိုလမ်းဘေးမှာ ရပ်လိုက်တယ်။

မိမိရဲ့အထင်က လမ်းခွဲအတိုင်းဝင်ရောက်လာတာနဲ့ မန်းရွှေစက်တော်ဘုရားမှာ လမ်းဆုံးသွားပြီလို့ ထင်မှတ်ခဲ့တာပါ။ အရင်တစ်ခေါက် ရွှေစက်တော်ကိုရောက်တုန်းကလဲ မန်းချောင်းနဲ့ တည်းခိုဆောင်ရှိရာမှာပဲ လမ်းဆုံးသွားခဲ့တာကို မြင်ယောင်နေတယ်။ ဒါကြောင့် လမ်းခွဲအတိုင်း စိတ်ချလက်ချမောင်းနှင်လာခဲ့တာ ရွှေစက်တော်ကို တော်တော်နဲ့မရောက်နိုင်ဘဲဖြစ်နေတော့တယ်။ လမ်းဘေးမှာကားရပ်လိုက်ပြီး မြေပုံတွေကိုပြန်ကြည့်လိုက်တော့ ရွှေစက်တော်ကနေဆက်လက် မောင်းနှင်လို့ရတဲ့ကားလမ်းကို တွေ့မြင်နေရတယ်။ ဒီလိုနဲ့မြေပုံကိုသေသေချာချာကြည့်၊ မင်းဘူးမှာရှိတဲ့ နယ်ခံမိတ်ဆွေတွေကို ဖုန်းနဲ့ဆက်သွယ်မေးမြန်းရင်း မန်းရွှေစက်တော်ဘုရားကို ကျော်လွန်မောင်းနှင်လာခဲ့မိတာဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါကြောင့် ကားကိုပြန်ကွေ့ပြီး လာလမ်းအတိုင်းမောင်းနှင်လာခဲ့တာ မကြာခင်မှာ ဘုရားမုခ်ဦးကြီးကို လမ်းရဲ့ညာဘက်အခြမ်းမှာ ဘွားခနဲတွေ့မြင်ရတော့တယ်။ မန်းရွှေစက်တော်ဘုရားဆိုပြီး စာလုံးကြီးကြီး၊ မုခ်ဦးကြီးကြီး၊ မီးရောင်တဝင်းဝင်းနဲ့ အထင်းသား၊ အရှင်းသားရှိနေတာကို ကားပေါ်မှာလိုက်ပါလာကြတဲ့ မောင်နှမတွေအားလုံး လုံးဝမသိမမြင် သတိမထားမိဘဲ ကျော်လွန်မောင်းနှင်လာခဲ့တာကိုတွေးမိကြပြီး ဘာကြောင့်လဲဆိုတာကို အံ့ဩခဲ့ကြရတယ်။ ဒီလောက်ထိရှင်းလင်းထင်ရှားနေရဲ့သားနဲ့ ဒီလိုဖြစ်သွားတာက တကယ့်ကို မယုံနိုင်စရာပါ။ ဘယ်လိုပဲဖြစ်ဖြစ် သတ်မှတ်ခရီးစဉ်အတိုင်း မန်းရွှေစက်တော်ဘုရားရှိရာကို ရောက်ရှိလာကြပါပြီ။

တွေ့မြင်နေရပြီဖြစ်တဲ့ အဝင်မုခ်ဦးအောက်ကနေ ဆက်လက်မောင်းနှင်လာခဲ့တာ မိနစ်ပိုင်းလေးအတွင်း မန်းချောင်းတံတား ဈေးဆိုင်တွေ၊ တည်းခိုဆောင်တွေနဲ့အတူ အောက်စက်တော်ရာကိုရောက်လာခဲ့ကြပြန်တယ်။ ဒီအချိန်မှာ ပထမဦးဆုံး စတင်လုပ်ဆောင်ကြရတာက ကားအတွက်လိုအပ်နေတဲ့ စက်သုံးဆီဆိုင်ကို မေးမြန်းရှာဖွေကြရတာနဲ့ ဒေသခံမိတ်ဆွေတွေ ကြိုတင်စီစဉ်ပေးထားတဲ့ တည်းခိုဆောင်ကို စုံစမ်းရှာဖွေကြရတာပါ။ မေးရင်းမြန်းရင်း၊ ရှာရင်းဖွေရင်းနဲ့ စက်သုံးဆီအရောင်းဆိုင်ကိုကော၊ တည်းခိုဆောင်ကိုကော အလွယ်တကူတွေ့ရှိခဲ့ကြတယ်။ စက်သုံးဆီအရောင်းဆိုင်က မန်းချောင်းတံတားအနီးမှာရှိနေလို့ ဘုရားဖူးလာရောက်ကြတဲ့ ကားတွေ၊ ဆိုင်ကယ်တွေ အဆင်ပြေနေတယ်။ တည်းခိုဆောင်တွေကလဲ ကြိုဆိုနေရာချထားရေးကော်မတီတွေရှိနေတာကြောင့် အဆင်ပြေရပြန်တယ်။ ဘယ်မြို့ကလာတယ်၊ လူဦးရေဘယ်နှယောက်တည်းခိုမယ်၊ ဘယ်ရုံး၊ ဌာနက ဘယ်သူချိတ်ဆက်ပြောဆိုထားတယ် စသဖြင့် ကြိုတင်ဆောင်ရွက်ထားတဲ့စာရင်းတွေရှိနေတယ်။

တည်းခိုဆောင်တွေယူပြီးတာနဲ့ ထပ်မံလုပ်ဆောင်ရတဲ့အလုပ်တစ်ခုက နောက်တစ်နေ့မနက်စောစောမှာ သံဃာတော်တွေကို အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူကြဖို့အတွက် စီစဉ်လုပ်ကိုင်ရတာပါ။ ဒီကိစ္စအတွက်ကိုလဲ ကြိုဆိုနေရာချထားရေးကော်မတီရုံးမှာပဲ ဆက်သွယ်လုပ်ကိုင်ကြရတယ်။ သူတို့က ဆွမ်း၊ ဆွမ်းဟင်းချက်တဲ့သူတွေနဲ့ တွေ့ဆုံချိတ်ဆက်ပေးကြတယ်။ မိမိတို့မောင်နှမတစ်တွေ ညကြီးမိုးချုပ်မှ မန်းရွှေစက်တော်ဘုရားရှိရာကို ရောက်ရှိလာခဲ့ကြပေမဲ့ ရည်ရွယ်ထားတဲ့အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းဖို့အတွက်ကော၊ တည်းခိုဆောင်အတွက်ကော အခက်အခဲမရှိ အဆင်ပြေနေရတယ်။ မန်းရွှေစက်တော်ဘုရားပွဲဝင်းအတွင်းမှာလဲ အေးအေးချမ်းချမ်း သာသာယာယာပါ။

# သံယောဇဉ်တွေသာ ကျည်ဆန်တွေဖြစ်ခဲ့ရင် ရုပ်ရှင်ဇာတ်ကား Press Show ပြုလုပ်



**ရန်ကုန် မတ် ၁၄**

မြရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသည့် သံယောဇဉ်တွေသာ ကျည်ဆန်တွေဖြစ်ခဲ့ရင် ရုပ်ရှင်ဇာတ်ကား Press Show ကို မတ် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အဓိကပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဟိန်းဝေယံက ပြောပြ၍ သိရသည်။

သံယောဇဉ်တွေသာ ကျည်ဆန်တွေဖြစ်ခဲ့ရင် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ လွန်းထားထား၏ နာမည်ကြီးဝတ္ထုကို မိုးနီလွင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မီးပွားနှင့် ဒါရိုက်တာ အောင်ဇော်လင်းတို့က မြရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ခုနစ်နှစ်က ရိုက်တာမို့ ဇာတ်ကားမကြည့်ခင် နည်းနည်းစိတ်လှုပ်ရှားတယ်။ ခုဇာတ်ကားကို ပြန်ကြည့်လိုက်တော့ ဇာတ်လမ်းဇာတ်အိမ်ကြောင့် မျောပြီး စိတ်မပူတော့ဘူး။ ကျွန်တော်က ဒီဇာတ်ကားထဲမှာတော့ အိမ်ထောင်ရှိတဲ့လူငယ်တစ်ယောက်ဖြစ်တယ်။ မိန်းမကတအားချစ်ပြီး သဝန်တိုတယ်။ ချုပ်ချယ်တာကိုခံရတဲ့ စိတ်မွန်းကျပ်နေရတဲ့ လူငယ်တစ်ယောက်ပုံစံမျိုး ပါဝင်ထားတာပါ"ဟု သရုပ်ဆောင် ဟိန်းဝေယံက ပြောပြသည်။

သံယောဇဉ်တွေသာ ကျည်ဆန်တွေဖြစ်ခဲ့ရင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ဟိန်းဝေယံ၊ စိုးပြည့်သဇင်၊ မြတ်မှူးခင်၊ ညွှန့်သည်သရုပ်ဆောင် ရဲအောင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Venom-3 ဇာတ်ကား၏အမည်ကို Venom:The Last Dance ဟုပေးထား

**နယူးယောက် မတ် ၁၄**

Venom-3 ၏ တရားဝင်ဇာတ်ကားနာမည်ကို Venom: The Last Dance ဟူ၍ ဆိုနီရုပ်ရှင်ကုမ္ပဏီက အမည်ပေးထားကြောင်း မတ် ၁၃ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Venom: The Last Dance ဇာတ်ကားကို မူလစီစဉ်ထားသည့်အတိုင်း သီတင်းနှစ်ပတ်စော၍ ယခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ရုံတင်ရန် စီစဉ်ထားကြောင်း သိရသည်။

Venom: The Last Dance သည် Venom ထိတ်လန့်သည်းဖို သိပ္ပံဇာတ်ကားများအနက် တတိယမြောက်ဇာတ်ကားဖြစ်ပြီး Venom: The Last Dance ဇာတ်ကားကို ဒါရိုက်တာ ကယ်လီမာဆယ်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

Venom: The Last Dance ဇာတ်ကားတွင် မင်းသား တွမ်ဟာဒီက အဓိကဇာတ်ကောင်အဖြစ် ပါဝင်ထားပြီး မင်းသား ချီဝီတယ်အီဂျီအိုဖော်၊ မင်းသမီး ဂျူနိုတမ်ပယ်နှင့် ကလပ်ဘက်ကိုတို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

Venom ဇာတ်ကားများသည် ဂြိုဟ်သားဗီဇပေါင်းစပ်ထားသော အက်ဒီဘရော့(တွမ်ဟာဒီ)၏ ဘဝကို အခြေခံရိုက်ကူးထားသောဇာတ်ကားများဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# နှုတ်ခမ်းစောင့် နှုတ်သမီး ဇာတ်ကားကို မတ် ၁၇ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်




**ရန်ကုန် မတ် ၁၄**

နှုတ်ခမ်းစောင့် နှုတ်သမီး ဇာတ်ကားကို မတ် ၁၇ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်ရဲလင်းက ပြောပြ၍ သိရသည်။

နှုတ်ခမ်းစောင့် နှုတ်သမီး ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ချမ်းမင်းအိမ်က ရေးသားထားပြီး ဒါရိုက်တာ ကျော်သားကြီးက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"လူငယ်တွေနှစ်သက်မဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကောင်းလေး ဖြစ်ပါတယ်။ နယ်ကနေ မြို့ကိုလာပြီး အလုပ်လုပ်ကြတဲ့ ငယ်သူငယ်ချင်းသုံးယောက်။ သူတို့သုံးယောက်ကြားထဲမှာ မိန်းကလေးတစ်ယောက်ရောက်လာရာကနေ သူငယ်ချင်းသံယောဇဉ်တွေ အရောင်ပြောင်းသွားကြပါတော့တယ်။ တစ်ပိုင်းထဲအပြီး ဇာတ်ကားဖြစ်ပါတယ်"ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောပြသည်။

နှုတ်ခမ်းစောင့် နှုတ်သမီး ဇာတ်ကားတွင် သရုပ်ဆောင် အောင်ရဲလင်း၊ ရတနာဗို၊ မေရတီခန့်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပြီး အခြားအနုပညာရှင်များလည်း ပါဝင်ထားကြောင်း၊ အဆိုပါဇာတ်ကားကို မတ် ၁၇ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ နံနက် ၁၀ နာရီနှင့် ည ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Island of Dr.Moreau ၌ မင်းသားကြီး အန်တိုနီဟော့ကင်း ပါဝင်မည်

**နယူးယောက် မတ် ၁၄**

ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် The Island of Dr.Moreau ဇာတ်ကားသစ်တွင် မင်းသားကြီး အန်တိုနီဟော့ကင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၁၃ ရက် သတင်းများအရ သိရသည်။


အဆိုပါဇာတ်ကားတွင် မင်းသားကြီး အန်တိုနီဟော့ကင်းသည် အဓိက ဇာတ်ကောင်တစ်ဦးဖြစ်သည့် ဒေါက်တာမော်ရိုးနေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

The Island of Dr.Moreau ဇာတ်ကားသစ်ကို Eyes in The Trees ဟူ၍ ထုတ်လုပ်သူများက အမည်သစ်ပေးထားပြီး အဆိုပါဇာတ်ကားကို ကမ္ဘာကျော်သိပ္ပံစာရေးဆရာကြီး အိတ်ဂျီဝဲ၏ The Island of Dr.Moreau သိပ္ပံဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

Eyes in The Trees ဇာတ်ကားကို ဒါရိုက်တာ တင်မိုသီဝုဒ်ဝို့ဂျူနီယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ The Island of Dr.Moreau ဝတ္ထုကို ၁၉၃၂ ခုနှစ်၊ ၁၉၇၇ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်တို့တွင် ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ပိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် Collection Show ပန်းချီပြပွဲပြသသွားမည်

**ရန်ကုန် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Art House Online Gallery အဖြစ် Collection Show ပန်းချီပြပွဲကို မတ် ၁၆ ရက်မှ မတ် ၂၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ သန်းကျော်ဌေးက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲသည် Artistic Space Art Gallery မှ စုဆောင်းထားသည့် ပန်းချီကားများကို Art House Online Gallery အဖြစ် ပြသသွားမည်ဖြစ်ပြီး အဆိုပါ ပန်းချီပြပွဲအမည်ကို Collection Show ဟု အမည်ပေးထားကြောင်း၊ ပန်းချီပြပွဲတွင် ပန်းချီကျော်သူဝင်း၊ မူမူ၊ ကောင်းစည်သူ၊ သန်းကျော်ဌေး၊ သက်အောင်၊ မောင်မောင်(ပိုစတာ)တို့၏ ရေဆေး၊ ဆီဆေး၊ အရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ အကြောင်းအရာစုံ၊ ပန်းချီကား ၇၀ ကျော်ကို ပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပန်းချီပြပွဲကတော့ Artistic Space Art Gallery က စုဆောင်းထားတဲ့ ပန်းချီကားတွေကို ရွေးချယ်ပြီးတော့ စီစဉ်ပြသပေးတဲ့ ပန်းချီပြပွဲဖြစ်ပါတယ်။ မတ် ၁၆ ရက်ကနေ မတ် ၂၀ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက် ကြည့်ရှုအားပေးနိုင်ပါတယ်။ ပြခန်းမှာ လာရောက်ကြည့်ရှုနိုင်သလို အွန်လိုင်းကလဲ လှေလာဝယ်ယူနိုင်အောင် စီစဉ်ထားပါတယ်"ဟု အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ သန်းကျော်ဌေးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ်ခြောက်သိန်းမှ အများဆုံး ငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win visits officers, other ranks and families, and members of Myanmar Police Force and people's militia (local), receiving medical treatment at Military Hospital in Aungban



Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win comforts a patient at Aungban Military Hospital.

**Nay Pyi Taw March 14**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior military officers from Office of Commander-in-Chief, the Eastern Command commander and officials, visited officers, other ranks and families, and members of Myanmar Police Force and people's militia (local), who were receiving medical treatment at Military Hospital in Aungban, Shan State (South), this morning.

On arrival at the local hospital, the Vice-Senior General and party were welcomed by the commandant, military specialist physicians, medics and officials.

At the hospital meeting hall, the Vice-Senior General heard a report on medical treatment provided to officers, other ranks and families, and members of MPF and people's militia (local) and requirements. The Vice-Senior General gave guidance and looked into the requirements.

Afterwards, the Vice-Senior General and party asked after the health of officers, other ranks and families, and members of MPF and people's militia (local), who were receiving medical treatment, individually and presented foodstuff to them.

The Vice-Senior General presented cash awards and gifts to hospital staff through officials.

In the afternoon, the Vice-Senior General and party enjoyed lunch together with senior officer instructors and senior officer trainees from Command and General Staff College. 100



Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win has lunch with senior officer instructors and senior officer trainees from Command and General Staff College.

## Chickpea, green gram marketable in Mandalay bean and sesame market

**Mandalay March 14**

U Set Maung Swe, Secretary of Brokers, Merchants and Millers Mahha Kahteindaw Association (Mandalay Commodity Centre), said that chickpea and green gram are in high demand at Mandalay bean and sesame market.

In the past, chickpea and green gram were traded as regular process at home. Now, these stocks are in high demand.

"Moreover, maize, wheat and Chinese lablab bean are also in high demand," he added.


On 11 March, chickpea V2 was traded at K257,000 per bag, V7 K258,000 and 929 K250,000. At present, these strains of chickpea are marketable at high prices.

Likewise, green gram fetched K135,000 per bag on 11 March. At the same time, white sesame fetched K400,000 per bag, brown sesame K310,000 and black sesame, K415,000 on 11 March. 184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Some 15 Irrawaddy dolphins move to Mingun in Ayeyawady River



Some Irrawaddy dolphins being spotted in Ayeyawady River.

**Mandalay March 14**

U Maung Maung, leader of Irrawaddy dolphin protection team, said that about 15 Irrawaddy dolphins have moved to the place near Mingun in Ayeyawady River.

Officials checked habitats of the dolphin by boat in order to exactly know the habitat on 10 March. Generally, the dolphins inhabit in the river between Mandalay and Kyaukmyaung area.

"At a time when water level is down in Ayeyawady River, dolphins often move to proper places for their feeds. In the first week of March, they inhabited near Indaung village of Wetlet Township. On 10 March, some 15 dolphins were seen near Mingun," he explained.

Residents from villages near the habitats of dolphins need to project those animals between Mandalay and Kyaukmyaung.

"Currently, no calf is seen in the river between Mandalay and Kyaukmyaung. Moreover, no dead dolphin is found," he added.

In collection of the research survey on these dolphins from 10 to 20 February 2020, 28 dolphins was found between Mandalay and Kyaukmyaung, 37 more between Malei of Kanbalu Township and Shwegu of Kachin State and 14 another in Bhamo. 184

# Reddish from hilly region fetches high demand in Mandalay

**Mandalay March 14**

Reddish from hilly regions flows into Thiri Marlar green grocery market in Aungmyethazan District of Mandalay, fetching good prices, said U Aung Moe Naing, owner of Aung brokerage in Mandalay.

Some 4-5 truckloads of reddish from hilly regions flow into Mandalay on a daily basis. In the market, 40 pieces of reddish fetches K15,000 to K17,000.

"Reddish is harvested at present in hilly regions. Now, it fetches good prices. A large volume of the vegetables flows into Mandalay daily. Such kind of vegetables does not come out yet. Sown acreage of reddish is decline. Remaining crops such as tomato, cabbage, potato, gourd, bitter gourd, white mustard, carrot and onion are in high demand at the market," he added.

Reddish is cultivated in the areas nearby PyinOoLwin at present. It can be planted in all seasons. Currently, Thiri Marlar green grocery market is open from 4 am to 8 pm on a daily basis.

185


# Pyapon residents deliver 85,000 tons of shrimp paste to Yangon in February

**Pyapon March 14**

Up to 85,000 tons of shrimp paste from Pyapon Township, Pyapon District, Ayeyawady Region is sold to Yangon in February, said Daw Thida, a trader of fish paste and dried fish from Pyapon Township.

The shrimp paste from Pyapon Township is mainly sold to the Yangon market. In January, only 67,000 tons of shrimp paste was sold. It is reported that the price of shrimp paste is up to 185,000 kyats per 10 visses.

"We are selling the shrimp paste to the Yangon market and other regions. There has been a lot of buying from Yangon market in the past month and in March. Currently, the demand for shrimp paste has increased, and the price has also increased. Now that the business of shrimp paste is good again, it is convenient for entrepreneurs as well as workers," she said.



Shrimp paste being dried in the sun.

Each fish paste business can create employment for at least 10 to 15 people in the area. KKL

# Jordanian, Spanish FMs say no alternative to UNRWA

**Amman March 14**

Jordanian and Spanish foreign ministers on Wednesday agreed that there is no alternative to the UNRWA, the UN agency for Palestinian refugees, especially in light of the humanitarian catastrophe in Gaza.

During a press conference with his Spanish counterpart, Jordanian Foreign Minister Ayman Safadi commended Spain's steadfast position in supporting the United Nations Relief and Works Agency for Palestinian Refugees in the Near East (UNRWA).

"We rely on Spain and its role in finding a solution to the catastrophe in the Gaza Strip," Safadi said.

Safadi stressed that UNRWA must continue to carry out its tasks, with an emphasis on the urgent need to immediately stop the firing in Gaza and allow humanitarian aid to enter the sector.

For his part, Spanish Foreign Minister Jose Manuel Albares said his country has been seeking to stop the supply of weapons to the conflict zone.

"In Spain, we have stopped granting licenses for arms exports to Israel since Oct. 7, and imposed sanctions on 12 settlers from Israel," he said. Xinhua



Spanish Foreign Minister Jose Manuel Albares addresses a press conference with Jordanian Foreign Minister Ayman Safadi (not in the picture) in Amman, Jordan, on March 13, 2024.

# Hezbollah leader says Hamas to survive Israel's planned raids in Rafah

**Beirut March 14**

Hezbollah leader Sayyed Hassan Nasrallah on Wednesday said Israel will not be able to eliminate Hamas even if it enters Rafah, local TV channel al-Manar reported.

"You have failed to achieve any of the war's targets; even the Rafah operation will not offer you an image of victory. You will not be able to get rid of Hamas or the resistance," Nasrallah said in a televised speech on the occasion of the holy month of Ramadan, showing solidarity with Hamas, the Gaza-ruling Palestinian faction.

Nasrallah said that Israel had failed to achieve its "biggest goal" -- to eliminate Hamas at the beginning of the war. After nearly six months of war, Israelis are negotiating with Hamas through mediation.

He claimed that Hamas is negotiating on behalf of all Palestinian factions, and it aims to reach a halt to the Israeli aggression against Gaza and not only a ceasefire.

The Lebanon-Israel border has been witnessing increased tension since October 8, 2023, after Lebanese armed group Hezbollah fired dozens of rockets toward Israel in support of the Hamas attack on Israel the previous day, prompting Israel to respond by firing heavy artillery toward southeastern Lebanon. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိုမန်ပင်လယ်ကွေ့၌ ရုရှား၊ တရုတ်နှင့် အီရန်တို့ ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုပြုလုပ်



ရုရှား၊ တရုတ်နှင့် အီရန်ရေတပ်တို့၏ စစ်သင်္ဘောများသည် ယခုသီတင်းပတ်အတွင်း အာရေဗျပင်လယ်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အိုမန်ပင်လယ်ကွေ့ရှိ Chah Bahar ဆိပ်ကမ်းမှ စတင်လုပ်ဆောင်လျက်ရှိကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက မတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြောင်းလုံခြုံရေးခါးပတ်ဟု အမည်ပေးထားသော ရေတပ်စစ်ရေးလေ့ကျင့်မှုများကို မတ် ၁၂ရက်မှ ၁၅ ရက်ထိ ကျင်းပပြုလုပ်ရန်စီစဉ်ထားပြီး နိုင်ငံသုံးနိုင်ငံစလုံးမှ စစ်သင်္ဘောများနှင့်လေယာဉ်များ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်သည်။ အဇာဘိုင်ဂျန်၊ အိန္ဒိယ၊ ကာဇက်စတန်၊ အိုမန်၊ ပါကစ္စတန်နှင့် တောင်အာဖရိကနိုင်ငံတို့မှ စစ်ဘက်ဆိုင်ရာသံတမန်များက လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

"စစ်ရေးလေ့ကျင့်မှုရဲ့ လက်တွေ့ကျတဲ့အစိတ်အပိုင်းကို အာရေဗျပင်လယ်ရေပိုင်နက် အထူးသဖြင့် အိုမန်ပင်လယ်ကွေ့မှာ ပြုလုပ်သွားမှာပါ။ စစ်ရေးလေ့ကျင့်မှုရဲ့ အဓိကရည်ရွယ်ချက်က ပင်လယ်ရေကြောင်း စီးပွားရေးဆိုင်ရာလှုပ်ရှားမှုတွေ ဘေးကင်းလုံခြုံစိတ်ချရစေဖို့ဖြစ်ပါတယ်" ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုတွင် ရုရှားရေတပ်၊ ပစိဖိတ်စစ်ရေယာဉ်စုမှ စစ်သင်္ဘော နှစ်စီး၊ Slava အတန်းအစား ပဲ့ထိန်းဒုံးကျည်တင် Varyag ခရူဇာရေယာဉ် တစ်စီးနှင့် Udaloy အတန်းအစား Marshal Shaposhnikov ဖရီးဂိတ်စစ်သင်္ဘောတစ်စီးတို့ ပါဝင်သည်။

တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLAN) သည် ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော Urumqi၊ ပဲ့ထိန်းဒုံးကျည်တင် ဖရီးဂိတ်စစ်သင်္ဘော Linyi နှင့် ထောက်ပံ့ရေးသင်္ဘော Dongpinghu တို့ကို စစ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အီရန်ရေတပ်မှ ရဟတ်ယာဉ်များစွာနှင့် အရွယ်အစားအမျိုးမျိုးရှိသော စစ်ရေယာဉ်ဒါဇင်များစွာ ပါဝင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေကြောင်းလုံခြုံရေးခါးပတ် ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရုရှား၊ တရုတ်နှင့် အီရန်တို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုအဖြစ် ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ် စစ်ရေးလေ့ကျင့်မှုကိုလွဲချော်ခဲ့သော်လည်း နောက်ပိုင်းတွင် စစ်ရေးလေ့ကျင့်မှုအကြိမ်တိုင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၂၀၂၃ ခုနှစ် စစ်ရေးလေ့ကျင့်မှုအတွင်း စစ်ရေယာဉ်များအတူတကွ မောင်းနှင်၍ လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။ နေ့ရောညပါ အမြောက်စမ်းသပ်ပစ်ခတ်မှုများပြုလုပ်ခြင်း၊ ပင်လယ်ဓားပြများဖမ်းဆီးထားသော သင်္ဘောတစ်စီးမှ ဓားစာခံများကိုကယ်ဆယ်၍ဒုက္ခရောက်နေသည့်သင်္ဘောတစ်စီးကို ကူညီဆောင်ရွက်ပေးခြင်းစသည့် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုဧရိယာသည် ကမ္ဘာ့ရေနံပို့ဆောင်မှု အများစုအစပြုလေ့ရှိသည့် ပါရှန်ပင်လယ်ကွေ့ဝင်ပေါက်အနီးတွင် တည်ရှိသည်။ ယီမင်ကမ်းရိုးတန်းတစ်ဖက်တွင် ဟူသီများကိုဟန့်တားရန်အတွက် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက စစ်သင်္ဘောအများအပြားကို ဖြန့်ကြက်ချထားပြီး အစ္စရေးနှင့် ဆက်နွယ်နေသည့် ရေကြောင်းကုန်သွယ်မှုကို ဟန့်တား နှောင့်ယှက်လျက်ရှိသည်။

အမေရိကန်နှင့် မဟာမိတ်အဖွဲ့များအနေဖြင့် ဟူသီတို့၏ တိုက်ခိုက်နှောင့်ယှက်မှုများကို အောင်မြင်စွာဟန့်တားနိုင်ခြင်း မရှိသေးသောကြောင့် ဟူသီများသည် ဗြိတိန်နှင့် အမေရိကန် ကုန်သွယ်ရေးသင်္ဘောများကို ၎င်းတို့၏ပစ်မှတ်စာရင်းတွင် ထည့်သွင်းလာကြကြောင်း သိရသည်။

**Russia, China and Iran launch joint naval exercise ကို ဘာသာပြန်ဆိုထားပါသည်။**

---

## အကြီးတန်းဟားမတ်စ်ခေါင်းဆောင်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးပြောကြား

ဂါဇာကမ်းမြောင်ဒေသတွင် မတ် ၁၀ ရက်က အကြီးတန်းဟားမတ်စ် ခေါင်းဆောင်တစ်ဦးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း အစ္စရေးက ပြောကြားခဲ့သည်ဟု Defense Post သတင်းဌာနက မတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Nuseirat ဒုက္ခသည်စခန်းအနီး ဂါဇာအလယ်ပိုင်းရှိ မြေအောက်စခန်းတစ်ခုတွင်လည်း မတ် ၉ ရက်နှင့် ၁၀ ရက်က တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး Daniel Hagari က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Mohammed Deif ၏လက်ထောက်ဖြစ်သူ Marwan Issa နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစုလိုက်အပြုံလိုက်တိုက်ခိုက်ရန် စီစဉ်သူတစ်ဦးအပါအဝင် ဟားမတ်စ်အဖွဲ့၏အကြီးတန်းခေါင်းဆောင်နှစ်ဦးတည်ရှိရာ အဆောက်အအုံဖြစ်သည်ဟု Hagari က ပြောကြားခဲ့သည်။

Deif သည် ဟားမတ်စ်၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် Ezzedine Al-Qassam တပ်မဟာများကိုဦးဆောင်ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုကို ကြိုးကိုင်လုပ်ဆောင်သူ တစ်ဦးဖြစ်ကြောင်း အစ္စရေးဘက်က စွပ်စွဲပြောကြားထားသည်။

တိုက်ခိုက်မှု၏ရလဒ်များကို စစ်ဆေးနေဆဲဖြစ်ပြီး နောက်ဆုံးအတည်ပြုချက်ကို မရရှိသေးကြောင်း မတ် ၁၀ ရက်တွင် ဗိုလ်ချုပ်ကြီး Daniel Hagari က ပြောကြားခဲ့သည်။

ဇန်နဝါရီလအစောပိုင်းတွင် ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်များ တိုက်ခိုက်မှုတစ်ခုတွင် Ezzedine Al-Qassam တပ်မဟာအဖွဲ့များ တည်ထောင်သူ Saleh Al-Aruri သေဆုံးခဲ့ရပြီး ဟားမတ်စ်အဖွဲ့၏နိုင်ငံရေးပိုင်းတွင် လက်ထောက် ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုကို အစ္စရေးက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် အစ္စရေးနိုင်ငံတောင်ပိုင်းကို ဟားမတ်စ်တို့၏ မကြုံစဖူးတိုက်ခိုက်မှုကြောင့် နောက်ဆက်တွဲဖြစ်ပွားခဲ့သောစစ်ပွဲတွင် အစ္စရေးနိုင်ငံသည် အလုံးစုံအောင်ပွဲဆီသို့ ဦးတည်နေပြီဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက မတ် ၁၀ ရက် အစောပိုင်းတွင် ပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် လူဦးရေ ၁၁၆၀ ခန့် သေဆုံးခဲ့ကြောင်း အစ္စရေးနိုင်ငံ၏ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။



စစ်သွေးကြွများက ဓားစာခံဦးရေ ၂၅၀ ခန့်ကိုလည်း ဖမ်းဆီးခဲ့ပြီးဒါဇင်ပေါင်းများစွာကို နိုဝင်ဘာလတွင် သီတင်းတစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးအတွင်း ပြန်လွှတ်ပေးခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် ဓားစာခံ ၉၉ ဦး အသက်ရှင်လျက် ကျန်ရှိနေသေးပြီး ၃၁ ဦး သေဆုံးခဲ့သည်ဟု အစ္စရေးဘက်က ယုံကြည်ထားကြောင်း သိရသည်။

အစ္စရေး၏တိုက်ခိုက်မှုအတွင်း Issa ၏သား Mohammed သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အစီရင်ခံဖော်ပြခဲ့ကြသည်။ ဟားမတ်စ်အဖွဲ့ကို ချေမှုန်းရန် အစ္စရေး၏ မဆုတ်မနစ်သောစစ်ရေးလှုပ်ရှားမှုကြောင့် အနည်းဆုံးလူ ၃၁၁၁၂ ဦး သေဆုံးခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ကြီးအုပ်ချုပ်သည့်နယ်မြေရှိ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားခဲ့သည်။

**Israel Says Strike Targeted Senior Hamas Commander ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောင်းကုန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၁၈၀၁၆ ဧက ရိတ်သိမ်းပြီးစီး



**ကျုံပျော် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၁၁၈၀၁၆ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၁၈၀၁၆ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ မိုးစပါးများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ၈၈ ဒသမ ၉၄ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ စပါး ၁၁၈၀၁၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးလျာထားဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့ပါတယ်။ အခုနှစ် မိုးစပါးတွေ အထွက်နှုန်းကောင်းခဲ့ပါတယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

မိုးစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စပါးများ အထွက်နှုန်းတိုးတက်စေရေး၊ အရည်အသွေးကောင်း စပါးများ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကို လယ်မြေစိုက်ခင်းများထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ မတ် ၁၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်ပင်လှကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ရပိုင်ခွင့်များနှင့်ဖြစ်မှုမြောက်များကို ရှင်းလင်းပြောကြားပြီး စည်ပင်လှကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၇ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စည်ပင်လှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

# မိုင်းခတ်မြို့နယ် တောင်သုံးလုံးကျေးရွာ၌ ဆိုလာစနစ်စိုက်ပျိုးရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းခတ် မတ် ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာလန်ကော်ကျေးရွာအုပ်စု တောင်သုံးလုံးကျေးရွာ၌ ဆိုလာစနစ်စိုက်ပျိုးရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများသည် တောင်သုံးလုံးကျေးရွာ၌ ဆိုလာစနစ်စိုက်ပျိုးရေဖြင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းခတ်မြို့နယ် တောင်သုံးလုံးကျေးရွာ၌ ဆိုလာ 450 W ၂၆ ချပ်၊ Pump 7.5 Hp Max၊ အကျယ် လေးလက်မရှိ PVC ပိုက်အရှည်ပေ ၄၀၀၀ နှင့် အကျယ်နှစ်လက်မရှိ PVC ပိုက်အရှည်ပေ ၃၀၀ သွယ်တန်းခြင်း၊ ရေငုတ် ၁၅ ခုတပ်ဆင်ခြင်း စသည့်ဆက်စပ်လုပ်ငန်းများကို ပြည်နယ်(မွမ်းမံ)ရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၁-၂၀၂၂ မိနီဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တောင်သုံးလုံးကျေးရွာနေတောင်သူများ စိုက်ပျိုးကြသည့် စပါး၊ နေကြာ၊ မြေပဲ စသည့် သီးနှံများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိပြီး သီးနှံများအထွက်တိုးကာ ကျေးရွာနေတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၃-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**


**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား
ဆေးရုံတပ်မှူးက
အရာရှိ၊ စစ်သည်၊ မိသားစုများ၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊
ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်
ဒေသခံပြည်သူများကို
ကျန်းမာရေးစောင့်ရှောက်ပေးထားမှု
အခြေအနေများနှင့်
လိုအပ်ချက်များကို
ရှင်းလင်းတင်ပြစဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်
(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီး
စိုးဝင်းနှင့်အဖွဲ့ဝင်များက
စစ်ဦးစီးတက္ကသိုလ်မှ
နည်းပြအရာရှိကြီးများ၊
သင်တန်းသား
အရာရှိကြီးများနှင့်အတူ
နေ့လယ်စာ
အတူတကွသုံးဆောင်ကြစဉ်။



(၂) ရှေ့ဖုံးမှအဆက်

သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား ဆေးရုံတပ်မှူးက ဆေးရုံအစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးထားမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး **စာမျက်နှာ ၁၉ သို့**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ




**နေပြည်တော် မတ် ၁၄**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်း လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ခြိမ်းခြောက် အန္တရာယ်ပြုနေသည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေကြောင်း။

မြန်မာနိုင်ငံ၌ သောင်းကျန်းသူအဖွဲ့များအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်မှုမရှိအောင် လုပ်ဆောင်လျက်ရှိပြီး ၎င်းအခြေအနေကို အခွင့်ကောင်းယူကာ ၎င်းတို့၏ဝင်ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် သောင်းကျန်းသူအဖွဲ့များသည် အခြားနိုင်ငံများမှ နည်းလမ်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်လျက်ရှိနေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါး(Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် နိုင်ငံတော်၏လုံခြုံရေးအထိ ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်အဖြစ် ရင်ဆိုင်နေရကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ အထူးစစ်ဆင်ရေး ၃၉ ကြိမ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးစစ်ဆင်ရေး Operation 39/24(2024)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ဓာတုပစ္စည်းထိန်းချုပ်ရေးကဏ္ဍသည်လည်း အလွန်အရေးကြီးသဖြင့် ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဓာတုပစ္စည်းများဆိုင်ရာ လုပ်ငန်းရှင်များကိုလည်း ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ၊ သတ်မှတ်စည်းကမ်းချက်များ၊ အရေးယူခြင်းဆိုင်ရာ ပြစ်ဒဏ်များသိရှိစေရန်အတွက် အသိပညာပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC၊ AFPI၊ DEA၊ NNCC၊ ONCB တို့နှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖြစ်သည့် AA အဖွဲ့သည်လည်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများနှင့် ပတ်သက်နေမှုများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr. Kofi Annam ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်က ၂၀၁၇ ခုနှစ်အတွင်း ပြုစုဖြန့်ဝေခဲ့သည့် အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထို့ပြင် ပြည်မကိုဖြတ်ပြီး မူးယစ်ဆေးဝါးသယ်ဆောင်သည့်အဖွဲ့တွင် AA တပ်ဖွဲ့ဝင်များပါဝင်နေသည်ကို ရှစ်ကြိမ်ခန့် ဖမ်းဆီးဖော်ထုတ်ရရှိခဲ့ကြောင်း၊ AA အဖွဲ့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြည်တွင်းသတင်းများ၌သာ ကြေညာခဲ့ပြီး နိုင်ငံတကာအထိသိရှိအောင် ဆောင်ရွက်ရမည်ဖြစ်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာသံရုံးများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်မငြိမ်မှုများအပေါ် အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်းရှိ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် PDF အဖွဲ့များသည် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် ဆက်စပ်ပတ်သက်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များမှ စစ်ဆေးဖော်ထုတ်တွေ့ရှိရကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများမှ ရရှိသည့်ငွေကြေးများဖြင့် လက်နက်ခဲယမ်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်းဆောင်ရွက်ကာ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည့်လုပ်ရပ်များ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးစစ်အေးတို့က ရှေ့ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ တက်ရောက်လာသူများက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လိုအပ်ချက်၊ အကြံပြုချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ဂီနီဘစ်ဆောသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၁၅**

မစ္စတာအန်တိုနီယိုဆာရီဖိုအမ်ဘလိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂီနီဘစ်ဆောသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ဂီနီဘစ်ဆောသမ္မတနိုင်ငံအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာအန်တိုနီယိုဆာရီဖိုအမ်ဘလိုကို ၁၉၆၃ ခုနှစ် မေ ၅ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်တွင် ဘူလ်ဂေးရီးယားနိုင်ငံ ဗာနာမြို့ရှိ စီးပွားရေးတက္ကသိုလ်မှ ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးဘွဲ့ကိုရရှိခဲ့သည်။ ၁၉၉၄ ခုနှစ်မှစတင်၍ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးအေဂျင်စီ အမျိုးသားခရီးသွားလာရေးစီမံခန့်ခွဲမှုဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ စွမ်းအင်၊ စက်မှုနှင့် သဘာဝသယံဇာတဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့သည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ဂီနီဘစ်ဆောနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ယနေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဂီနီဘစ်ဆောနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာအန်တိုနီယိုဆာရီဖိုအမ်ဘလိုသည် အိမ်ထောင်ရှိပြီး သားသမီး သုံးဦးရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေး အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ဓာတုဗေဒဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာန ၁၁ ခု နှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၂၄ ခု စာစစ်ဌာန စုစုပေါင်း ၈၃၅ ခု ဖွင့်လှစ် ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ဦးရေ ၁၂၅၈၇၀ ရှိပြီး ဓာတုဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၁၁၄၇၁ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၈ ဒသမ ၅၆ ရာခိုင်နှုန်းရှိကြောင်းနှင့် ပထဝီဝင်ဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာန နှစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၀၇ ခု စာစစ်ဌာန စုစုပေါင်း ၇၀၉ ခု ဖွင့်လှစ် ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၀၆၅၁ ဦး ရှိပြီး ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၇၂၀၈ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။














**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။**









**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။**

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ကျောက်တံခါးမြို့နယ် တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား ရထားလမ်းမိုင်တိုင် ၁၂၀/၂-၃ ကြားရှိ ရထားလမ်းအဆင့်မြှင့်တင်နေသော စီမံကိန်းလမ်းပိုင်းကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဖောက်ခွဲဖျက်ဆီး





အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား ရထားလမ်းမိုင်တိုင် ၁၂၀/၂-၃ ကြား ပျက်စီးဆုံးရှုံးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းဘူတာနှင့် ကညွတ်ကွင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၀/၂-၃ ၌ မတ် ၁၃ ရက် ည ၁၂ နာရီက မိုင်းပေါက်ကွဲသံများ ကြားရသဖြင့် တောကျွဲအင်း-ကညွတ်ကွင်း လမ်းပိုင်းကို ခေတ္တပိတ်ထားခဲ့ရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများက ရထားလမ်းအား သွားရောက်စစ်ဆေးရာ တောကျွဲအင်း-ကညွတ်ကွင်းကြား မိုင်တိုင်အမှတ် ၁၂၀/၂-၃ ကြားရှိ စီမံကိန်းဆောင်ရွက်ဆဲ အစုန်ရထားလမ်းသစ်မှာ ပျက်စီးသွားခဲ့ပြီး သံလမ်း ၁၀ ပေခန့်ပြတ်ထွက်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အစုန်၊အဆန် လူစီးရထားများ၊ ကုန်ရထားများသွားလာနိုင်မည်ဖြစ်ပြီး ခရီးသွားပြည်သူများနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရကာ အဆိုပါစီမံကိန်းလမ်းအဖြစ် ဆောင်ရွက်နေသည့် အစုန်လမ်းပိုင်း ပျက်စီးမှုကို အမြန်ဆုံးပြန်လည်ပြုပြင်သွားမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့်၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ၊ ဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၅၁ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင်ရထားစက်ခေါင်း၊ တွဲများနှင့်ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများအချိန်ပိုမို ကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ်၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Nyein Chan Tun" Facebookအကောင့်နှင့် "Mal Hobbi" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်နေ အေးငြိမ်းချမ်းထွန်း(ခ)ချမ်းချမ်းအား ညနေ ၄ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ "Ko Thet Swe"Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၄)ရပ်ကွက်နေ မင်းသိုက်ထွန်းအား ညနေ ၄ နာရီ ၅ မိနစ် တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် စစ်မှုထမ်းဆောင်ရန် နာမည်နှင့်တကွ ဆင့်ခေါ်နေကြောင်းနှင့် တပ်မတော်က လာရောက်ခေါ်ဆောင်သွားကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်၊ကျေးရွာများမှ ရပ်ကွက်တစ်ခုလျှင် လူငယ်လေးဦးမှ ဦးရေ ၅၀ ထိ နာမည်နှင့်တကွ ဆင့်ခေါ်စာများဖြန့်ဝေနေကြောင်းနှင့် တချို့ရပ်ကွက်များတွင် လူငယ်များကို မဲနှိုက်ရွေးချယ်ပြီး နောက်တွင် တပ်မတော်ကလာရောက်ခေါ်ဆောင်သွားကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။





အဆိုပါသတင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်များအရ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ နာမည်နှင့်တကွ ဆင့်ခေါ်စာများ ဖြန့်ဝေနေခြင်းနှင့် တချို့ရပ်ကွက်များတွင် လူငယ်များကို မဲနှိုက်ရွေးချယ်ပြီး တပ်မတော်က လာရောက်ခေါ်ဆောင်သွားသည်ဆိုသည့် သတင်းများမှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့်နေ့မှစပြီး တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုမလိုလားသူများက ကောလာဟလသတင်းမှားများဖြင့် တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ဝါဒဖြန့် လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ဇော်က

**ကိုဇော်ငွေး(ယဉ်ကျေးမှု)**



"ဇော်ကကနေသည်
ခါးကော့ထားပါ
ရယ်ရယ်မောမော
ပျော်ပျော်ပါးပါး
တော်တော်မောသလား"ဟူသော ငယ်ငယ်က ရွတ်ဆိုခဲ့ရသောကဗျာစာသားက ဇော်ကကနေသူ တစ်ဦး၏ ရုပ်ပုံသွင်ပြင်ကို ကွင်းကွင်းကွက်ကွက် မြင်စေခဲ့သည်။ ထိုမှ ရုပ်သေးပွဲ၊ ဇာတ်ပွဲတို့ ကြည့်လာရင်း ဇော်ကနှင့် ပိုမိုရင်းနှီးလာတော့သည်။

ဇော်ဂျီကိုစာဟောင်းတို့တွင် ဇော်ဂီဟုတွေ့ရသည်။ ပါဠိ၊ သက္ကတနွယ်ဟိန္ဒီစကားလုံးဇောဂီ(ယောဂီ)မှဆင်းသက်လာပုံရသည်။ စာဆိုတို့၏ပျို့ဟောင်းများအရ ဇော်ဂီသည် အလျှုခံတစ်ကျိပ်လေးတွင်းပါဝင်ကြ၍ ရပ်ကြီးပြည်ပတို့တွင် ရဟန်း၊ ပုဏ္ဏားတို့နည်းတူ မှီတင်းနေထိုင်တတ်ကြောင်း သိရသည်။ ထို့ကြောင့်လည်း ဓမ္မပါလပျို့ (၄၄) ၌ "ဘိက္ခုသယ်၊ အရိယာနှင့်၊ ဆရာပုဏ္ဏား၊ ဇော်ဂီအားလည်း၊ စွန့်စားလျှုဒါ၊ မိုးသို့ ရွာ၏"ဟူ၍ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ဇော်ဂီတို့၏ လုပ်ငန်းသည် တစ်စိတ်တစ်ဝက်အားဖြင့် ပုဏ္ဏားတို့၏ လုပ်ငန်းနှင့်တူလေသည်။ ဆုတောင်းခန်းပျို့ (၂၈) တွင်ပါရှိသည့် စကားအရ ဇော်ဂီသည်ဗေဒင်ဟောကြသည်။ လက္ခဏာဖတ်ကြသည်။ မြေကြန်အတတ်ကို နားလည်ကြသည်။ နေသွားလသွား၊ နေကြတ်လကြတ်၊ ဂြိုဟ်နေဂြိုဟ်ရပ်၊ အတိတ်နိမိတ်၊ တဘောင်စနည်းတို့ကိုလည်း လေ့လာကျွမ်းကျင်ကြသည်။ ထို့ပြင်လည်း သုဝဏ္ဏသျှံသစွာခန်းပျို့ (၁၃၇) တွင် "သဏ္ဌာန်ရွှေလျော်၊ ရှင်လှကျော်ကို၊ သက်တော်ဝင်ကြောင်း၊ နတ်များပေါင်း၍၊ နှုတ်ကောင်းတညီ၊ ဇော်ဂျီအတတ်၊ နတ်မန္တရား၊ နတ်ဆေးဝါးဖြင့်၊ ယောကျ်ားအိပ်ပျော်၊ နိုးဘိသော်သို့၊ နဘော်ပြင်းဝှန်၊ တန်ခိုးထန်ဘိ"ဟုစပ်ဆိုထားသည့်အရဆိုသော် ဇော်ဂျီတို့သည် အသက်သွင်းသောအတတ်ကို တတ်သည်ဟုဆိုသည်။

အရှေ့တိုင်းသားတို့သည် နတ်၊ ဝိဉာဉ်၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ သူရဲ၊ မြေဖုတ်ဘီလူးတို့ကို ယုံကြည်လေ့ရှိကြသည်။ ယုံကြည်သည့်အလျောက် ဒဏ္ဍာရီပုံပြင်၊ လုပ်ဇာတ်၊ ထိုးဇာတ်တို့တွင် ၎င်းတို့ကို ဇာတ်ကွက်ဇာတ်လမ်းခင်းကာ ဆီလျော်သလို သဘင်စင်မြင့်အထက်တင်ဆက်ကြသည်။ ထိုသို့တင်ဆက်ကြရင်း မြန်မာ့စင်မြင့်အထက်သို့ ဇော်ဂျီဆိုသောပုဂ္ဂိုလ်လည်း ရောက်လာကာ ဇော်ကကိုလည်း တီထွင်တင်ဆက်လာကြသည်။

ဇော်ဂျီတို့၏အဆင်းသဏ္ဌာန်ကို ပန်းချီ၊ ပန်းပုလက်ရာများအတိုင်း ဇာတ်စင်၊ ရုပ်သေးစင်တို့တွင် တွေ့ရသည်။ ထိုအဆင်းသဏ္ဌာန်တို့ မူမှန်ပုံကိုလည်း ဇော်ဂျီဦးထုပ်ပင်၊ ဇော်ဂျီမုတ်ဆိတ်ပင်၊ ဇော်ဂျီတောင်ဝှေးပင်၊ ဇော်ဂျီရောင်၊ ဇော်ဂျီသွေးဆိုသောဝေါဟာရတို့က ထောက်ခံထားကြသည်။ ဇော်ဂျီတောင်ဝှေးဆိုရာ၌ ဆုတောင်းခန်းပျို့ (၆၆) တွင် "တရိသူလီ၊ ဇော်ဂီပုဏ္ဏား၊ သုံးစွဲထားသား၊ သစ်သားသုံးခွ၊ တိဒဏ္ဍနှင့်"ဟုစပ်ဆိုထားသည်ကိုထောက်သော် တစ်ခါတစ်ရံ ဇော်ဂျီတို့သည် တရိသူလီ ခေါ် အသွားသုံးခွလှံတံကိုလည်း ကိုင်စွဲတတ်ကြောင်း သိရသည်။ ကပြသူတို့ လက်ထဲတွင်မူ ဆေးကြိမ်လုံး ခေါ် ဆေးတောင်ဝှေးဆိုသည့် တုတ်ရှည်တစ်ချောင်းကို ကိုင်ထားကြသည်။ အနီရောင်သိုရင်းအင်္ကျီရှည်၊ ဦးထုပ်နီ၊ တုတ်အနီ၊ ဖိနပ်အနီတို့သည် ဇော်ဂျီ၏သဏ္ဌာန်တို့ပင်ဖြစ်သည်။

ဇော်ဂျီတို့သည် မန္တန်ပြီးမြောက်ကြသည်။ များစွာသောတန်ခိုးဖန်ဆင်းခြင်းကို ဖြစ်စေအပ်သည်။ တစ်ယောက်တည်းမှ များစွာသောကိုယ်ကိုဖြစ်စေတတ်သည်။ အများကိုယ်ဖြစ်လည်း တစ်ယောက်တည်းဖြစ်နိုင်သည်။ ထင်ရှားသော ကိုယ်ရှိသောအဖြစ်ကိုလည်းကောင်း၊ ကွယ်ပျောက်သော ကိုယ်ရှိသောအဖြစ်ကိုလည်းကောင်း၊ တိုက်ခြားရာအရပ်သို့လည်းကောင်း၊ တံတိုင်းခြားရာအရပ်သို့လည်းကောင်း၊ တောင်ခြားရာအရပ်သို့လည်းကောင်း၊ ကောင်းကင်ကဲ့သို့ မငြိမ်လျှောက်သွားနိုင်သည်။ မြေ၌လည်း ရေကဲ့သို့ ငုပ်ခြင်း၊ ပေါ်ခြင်းကိုပြုနိုင်သည်။ ရေ၌မြေပြင်ကဲ့သို့ မပက်စေဘဲသွားနိုင်သည်။ ကောင်းကင်၌လည်း ထက်ဝယ်ပလ္လင်ဖြင့် အတောင်ရှိသောငှက်ကဲ့သို့ ပျံနိုင်သည်။ တန်ခိုးအာနုဘော်ကြီးသော လဝန်း၊ နေဝန်းကို လက်ဖြင့်သုံးသပ်နိုင်သည်။ ဆုပ်နယ်နိုင်သည်။ ဗြဟ္မာပြည်တိုင်အောင်သော်လည်း ကိုယ်ဖြင့် အလိုလိုပစေနိုင်သည် စသည်ဖြင့် ဝိဇ္ဇာမိုရ်ဇော်ဂျီတို့သတ္တိကို သမန္တစက္ခုဒီပနီကျမ်းတွင် ဖော်ပြထားလျက်ရှိသည်။

ဤအကြောင်းများကို ဇော်ကကမည့်သူ တစ်ဦးသည်သိထားရသည်။ သို့မှသာ ဇော်သရုပ်ကိုပီပြင်စွာ ကပြနိုင်မည်ဖြစ်သည်။ ဇော်သည် တော၊ တောင်၊ ကောင်းကင်တို့၌ နေထိုင်သူဖြစ်၍ ဇော်ကကပါက နောက်ခံကို တော၊ တောင်၊ ကောင်းကင်တို့ထားကြသည်။ ဇော်ကသည် အခုန်အပျံကိုအသားပေး၍ ကပြရသောအကဖြစ်ပြီး ပျော့ခြင်း၊ ကွေးခြင်း၊ ညွတ်ခြင်းတို့ဖြင့်ပေါင်းစပ်ထားရာ ခြေ၊ လက်၊ ခါး စသည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပျော့ပျောင်းစွာ၊ ညွတ်နိုင်ကွေးနိုင်သူများ ကပြပါမှ ပို၍ကြည့်ကောင်းသည်။ တီးကွက်နှင့် ကကြိုးတို့သည်လည်း "အမြိုင်"နှင့် "အရှင်"ကိုအခြေခံထားရာ ကြည့်ရသူတို့အဖို့ စိတ်ဝယ်ကြည်နူးခြင်း၊ မြူးထူးခြင်းတို့ဖြစ်ပေါ်လာသည်။

ဇော်ထွက်လာသည့်အခါ ညက်ညောညင်သာအကဖြင့် ခံ့ထည်သော်လည်း တစ်စတစ်စဖြင့် ဆိုင်းတီးလုံးကိုက် သရုပ်ဆောင်ချက်များ၊ သွက်လက်လွှားလွှား ကကြိုးများဖြင့် အက၏အထွတ်သို့ ပို့ဆောင်ပေးနိုင်သည့်အကဖြစ်သည်။ ပထမဆုံး တောင်ဝှေးကိုထမ်းကာ တော၊ တောင်မြိုင်စမ်း၊ ပန်းရဂုံတို့ကိုလွမ်းဆွတ်မျှော်တမ်းပုံဖြင့်"လွမ်းလေစေရ. . . စေရ၊ ဟိုမြိုင်လယ်မှာသည်မြိုင်လယ်မှာ၊ စံပယ်လေးကိုထားဝယ်ခပါလို့ (ဒေါနလေနကနက) ဒေါနက သင်းတယ်သင်းတယ် သင်းတယ်လေး. . ."ဟူသည့်သီချင်းကို ဆိုကလေသည်။

ထို့နောက် ဇော်အကြိမ်းသဘောဆောင်သော "ဇော်ဆိုဇော်ချင်း၊ ဇော်ချင်းပမြိုင်ဖက်ကွာ၊ ဇော်တကာတွင် ခေါင်ကချုပ်တယ်၊ ဂျီတကာတွင်ခေါင်ကချုပ်တယ်၊ ဂိုဏ်းကအုပ်မဲ့လား"သီချင်းကိုဆက်ဆိုသည်။ ၎င်းသီချင်းဖြင့်ပင် သရုပ်ဆောင်ကပြပြီး ဆေးကြိတ်ခန်းသို့ကူးသည်။

"ဇော်ရောင်ဂျီရောင်၊ ဆေးကြိတ်တဲ့စုံတောမြိုင်ချောင် (ကိုင်ဆောင်တောင်ဝှေး၊ လိုလိုရာသွေး) နဲ့ဆေးကိုလေ၊ ဆေးကြိတ်တောင်. . . ဆေးလေး. . . ဆေးလေးကြိတ်တဲ့တောင်၊ ဆေးကြိတ်တဲ့တောင်" ဟုဆိုက ကရင်း ကိုယ်ကိုခြေစုံတစ်ဖြောင့်တည်းခွဲထိုင်ချလိုက်ပြီး ဆေးတောင်ဝှေးကို ကိုယ်တစောင်းဟန်အလှဖြင့် ဆေးကြိတ်ပုံကို အကအလှသဘာဝဖြင့် တီးလုံးကိုက်ကပြသည်။ ထို့နောက် (ဇော်ပွဲရှုမလား၊ ဂျီပွဲရှုမလား၊ ကိုင်းဗျာပါဆံဝေဖားနဲ့သားများမေလား) (သားများ. . . သားများမေ) တကယ်လေဝိုင်းတော်သားရဲ့ရဲပ့ါမလား"သီချင်းဖြင့် ဆိုင်းကိုဆွနိုးကာ တဘောင်သံချပ်များကိုတိုင်ကြသည်။

"ဇော်လာပါတယ်ဖေတို့မောင်တို့၊ ဂျီလာပါတယ်ဖေတို့မောင်တို့" "တောင်ဝှေးထောက်လို့တောင်မြောက်မျှော်၊ ဇော်ဂျီပါရင်ကျုပ်တို့ပါပဲ။" "ဆေးတောင်ဝှေးနဲ့နဲ့ဆေးလေ၊ မြစိမ်းတောင်ခြေထိုးတဲ့အဂ္ဂိ။" "ရွှေမရှားပါလို့ပြဒါးသေ၊ မြစိမ်းတောင်ခြေထိုးတဲ့အဂ္ဂိ"

ထိုသို့တဘောင်များဖြင့် ရွှင်မြူးဖွယ်သီဆိုကပြပြီးနောက် "အိုလေ. . . ဖိုထိုးမယ်"သီချင်းဖြင့် ဇော်ဂျီတောဝင်ခန်းကိုနဲ့ကစိမ်၍ ပို့ပေးရန်အတွက် "စိမ်းလဲ့ရယ်တဲ့ညိုမှောင်၊ ပင်ဝါးရုံလေယူသိမ်းတယ်၊ ယိမ်းနွဲ့မြောက်တောင်၊ မြူခိုးရယ်မှောင်၊ ဟိုတောင်ကြော့ခါးပန်း၊ ရွှေဥဒေါင်းငယ်တို့၊ မြိုင်စောင်းတွန်သံချိုလှ၊ ကွန်းခိုတဲ့နန်း"သဖြန်ကို နောက်ခံသီဆိုပေးသည်။ အကကိုအနားသတ်ခါနီးတွင် ဆေးကြိတ်သည်။ ထို့နောက် ဆေးအောင်၍ လေးခင်းဆိုင်းနှင့်ကသည်။ ထွက်ရပ်ပေါက်၍ ရုပ်သေးရုပ်ဆိုပါက လက်တန်းကိုခုန်ကျော်ကာဝင်သည်။ လူဇော်ဆိုပါက ကရင်းဖြင့်ဖျောက်သွားတော့သည်။

ဇော်အကတွင် အကြမ်း၊ အဆူ၊ အကြွ၊ အရှင်သဘောပါအောင် ဖျင်းချင်၊ ဖျင်းဖျတ်ဖျတ်၊ ချွတ်ကြီး၊ ချွတ်ငယ်၊ ကပီ၊ ကရောင်း စသည့်တီးချက်တို့ကို တီးပေးကြသည်။ ကျွမ်းဘား၊ အခုန်အပျံပညာရပ်များ သိပ်သည်းထားသည့်ဇော်ကသည် ကပြသူ၏ကျွမ်းကျင်မှုစွမ်းရည်၊ စွန့်စားတီထွင်မှု၊ အလှကွက်များကိုစိတ်သွားတိုင်းကိုယ်ပါ လိုရာရောက်အောင် ဖော်ကျူးကပြနိုင်သည်။ ထို့ကြောင့် မြင်သောလက်ခုပ်သံကို ကဲ့ကာယူနိုင်ကြတော့သည်။ တချို့ကလည်း စက်ကြိုးယန္တရားဖြင့် ကောင်းကင်၌ ပျံဝဲဟန်ကပြကြသည်။

ရုပ်သေးပွဲတွင် ဇော်ထွက်လျှင် ရုပ်သေးစင်ကို ကြော်ငြာသည့်သဘောဖြင့် ဆိုင်းနောက်ထများက "ဘယ်ကဇော်လဲ ပြောလိုက်စမ်းပါသူငယ်ချင်း"ဟု မေးကြသည်။ "မန်းပေါ်ကနက်၊ စန်းပေါ်တက်လို့၊ နန်းတော်ထွက်ဇော်ဟေ့. . ."ဟုအစချီကာ မည်သူမည်ဝါ၏ စင်ကဖြစ်ကြောင်းပြောကြားကာ ဇော်ကိုမိတ်ဆက်သည်။ ပြီးနောက် "ခါးကိုထောက်ပါလို့ တောင်မြောက်မျှော်၊ ဇော်ဂျီဆိုတာ ကျုပ်တို့ပါပဲ"ဟု အတွင်း၌ ဆေးတောင်ဝှေးကို ပခုံးထက်တင်ထမ်း၍ အဖျားနှစ်ဖက်စွန်းကို စုံကိုင်ထားခြင်းကို ခုန်ကျော်၍ (တန်းခုန်ခြင်းပုံစံမျိုးဖြစ်သည်။) လက်စုံထောက်ကာ ခါးကုန်းဟန်သွား၍၊ တောင်ဝှေးကို ဝှေ့ယမ်းကာ စကြာလည်ပြ၍၊ ခြေဖြင့်သိမ်းခတ်ကာ နောက်ပြန်ချိတ်ပြီး ခေါင်းပေါ်မှာလက်ဖြင့်သိုင်း၍၊ အသိမ်းအလွဲဟန်အလှဖြင့် ဆေးကြိတ်ပုံဖော်ကျူး၍၊ ဆေးတောင်ဝှေး၏အရေးပါပုံအမျိုးမျိုးကို ကကြိုးကကွက်အတွင်း ထည့်သွင်းကပြခြင်းပြုကြသည်။

လူဇော်ဂျီမှာ ရုပ်သေးရုပ်နှယ် ထင်တိုင်းမရောက်နိုင်သဖြင့် ဟန်အမျိုးမျိုးဖြင့် လိုက်ဖက်ရာတီထွင်သစ်ဆန်းမှုများပြုကြသည်။ ထို့ကြောင့် အနုအယဉ်သိမ်မွေ့လှပမှုကိုအသားပေးသည့် "နန်းဇော်"နှင့်ကျွမ်းဘားအခုန်အပျံတို့ဖြင့် ပေါ့ပေါ့ပါးပါး လျှင်မြန်သွက်လက်မြူးထူးမှုများစီရင်ထားသည့် "တောဇော်" ဟူ၍ နှစ်မျိုးခွဲကာကပြကြသည်။ နန်းဇော်သည် ညက်ညောသိမ်မွေ့၊ အိပျောင်းနွဲ့လျကာ ဇော်ဂျီသဘာဝနှင့်ဆန့်ကျင်နေသဖြင့် တီထွင်အကအဖြစ်သာ လက်ခံကြ၍ တင်ဆက်ကပြမှုနည်းပါးသည်။ တောဇော်ကား ဇော်ဂျီ၏စရိုက်အတိုင်းပင်ဖြစ်၍ စင်တင်တင်ဆက်မှုကို အပိုင်သိမ်းနိုင်ခဲ့သည်။

ရုပ်သေးပွဲများ၏ ဟိမဝန္တာခန်းတွင် ဇော်က ပါဝင်သည်။ ခုနစ်ထွေအကတွင်လည်း ဇော်ကပါဝင်သည်။ ထိုဇော်အကများသည် ပါဝင်ပတ်သက်ရုံမျှသာပါဝင်သည်။ ဇော်ကကို ရှေ့ပိုင်းပဒေသာကဏ္ဍ၌ အစီအစဉ်တစ်ရပ်အနေဖြင့် တခမ်းတနားတင်ဆက်ကပြပါက ပြည့်စုံကုံလုံသော တင်ဆက်မှုကြောင့် ဇော်ကသည် စွဲမက်ဖွယ်ရာပင်ဖြစ်တော့သည်။

မြန်မာရာဇဝင်တစ်လျှောက်တွင် ဝိဇ္ဇာဇော်ဂျီတို့အကြောင်းကို မကြာခဏဖတ်ရသည်။ ဇော်ဂျီအကြောင်းကို ကုန်းဘောင်ခေတ်ပြဇာတ်ဆရာဦးကြင်ဥက "ငါ ဖေဂျီသနစ်ကို၊ ဋီကာဖြစ်လောင်းတော့မည်။ သက်ပြောင်းသက်ခွာ၊ ဂါထာမန္တန်၊ မှော်ပြစုန်းနတ်၊ ဆယ့်

❖ ဇော်ကသည် အခုန်အပျံကိုအသားပေး၍ ကပြရသောအကဖြစ်ပြီး ပျော့ခြင်း၊ ကွေးခြင်း၊ ညွတ်ခြင်းတို့ဖြင့်ပေါင်းစပ်ထားရာ ခြေ၊ လက်၊ ခါး စသည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပျော့ပျောင်းစွာ၊ ညွတ်နိုင်ကွေးနိုင်သူများကပြပါမှ ပို၍ကြည့်ကောင်းသည်။ တီးကွက်နှင့် ကကြိုးတို့သည်လည်း "အမြိုင်"နှင့်"အရှင်"ကိုအခြေခံထားရာ ကြည့်ရသူတို့အဖို့ စိတ်ဝယ်ကြည်နူးခြင်း၊ မြူးထူးခြင်းတို့ဖြစ်ပေါ်လာသည်။ ဇော်ထွက်လာသည့်အခါ ညက်ညောညင်သာအကဖြင့် ခံ့ထည်သော်လည်း တစ်စတစ်စဖြင့် ဆိုင်းတီးလုံးကိုက် သရုပ်ဆောင်ချက်များ၊ သွက်လက်လွှားလွှား ကကြိုးများဖြင့် အက၏အထွတ်သို့ ပို့ဆောင်ပေးနိုင်သည့်အကဖြစ်သည်။ ❖

ဟန်ရေးထုတ်ပြကာ "လွမ်းလေစေရ" သီချင်းကိုဆက်သည်။ ရုပ်သေးစင်တွင် ဇော်ကြိုးဆွဲမှာ ကြိုးကိုနိုင်နင်းသူတို့သာဆွဲလေ့ရှိသည်။ ရုပ်သေးရုပ်ဖြစ်သည့်အားလျော်စွာ လွယ်လင့်တကူ မွှေ့ယမ်းအစွမ်းပြနိုင်သည်။ ဇော်သရုပ်ကိုစိတ်ရှိတိုင်းလုပ်နိုင်၊ ကနိုင်သူဖြစ်သဖြင့် ထိုနှယ်ပြောဆိုကြခြင်းဖြစ်သည်။ ဟိမဝန္တာတောကိုခိုကိုး၍ ကမ္ဘဝိဇ္ဇတန်ခိုးဖြင့် မြေလျှိုးမိုးပျံဒဏ္ဍာရီဆန်သော ဇော်ဂျီရုပ်သဏ္ဌာန်ကို ရုပ်သေးဇော်က၌ တွေ့နိုင်သည်။

ရုပ်သေးဇော်ကမှာ စုံစီထွေပြားသော ကကြိုးကကွက်များ တန်ဆာဆင်ထားသည်။ ခုန်ပျံကျွမ်းထိုးအမျိုးမျိုးပတ်ချာလည်ကာ၊ လူးလိမ့်ကာ၊ မင်းသားကြိုးဆွဲသူတို့သာ တတ်နိုင်သော ရုပ်သေးကြိုးဆွဲပညာကို အစွမ်းကုန်တောက်စားပြကြသည်။ ကကွက်များနှစ်ရပ်ကို၊ ပတ်ပတ်နှောက်မွှေ၊ အရှင့်ဖုန်းနှင့်၊ ထုံးလိုချေကဝေသာရ၊ လက္ခဏာဒီပ၊ ဘေသဇ္ဇပါရဂူ၊ သရဖူပိဋကော၊ ဥဏှနှင့်တေဇော၊ ဝါယောဓာတု၊ ဓာတ်ဆေးကုမှာလည်း၊ သုထက်ဆယ်ဆ၊ ကျူးလို့ပဲကျသေး၊ သုတလောဟာ၊ ဘင်နာခဲချိုး၊ သံသေလည်းထိုး၊ တန်ခိုးစွမ်းအင်၊ စိန်သေနတ်အမြောက်နှင့်၊ လေးသစ်ပေါက်အဝင်၊ အရှင်သိရဲစာမြီ၊ ငါနန်းပေါက်ဇော်ဂျီ"စသည်ဖြင့် ရေးဖွဲ့ခဲ့သည်။ ဇော်ဂျီသည် မြန်မာတို့နှင့်ရင်းနှီးသော ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ဇော်ကသည် အလွန်ရှင်သော မြန်မာအကတစ်မျိုးဖြစ်သဖြင့် မမေ့စရာအကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။

**ကိုးကား**

၁။ **မြန်မာ့စွယ်စုံကျမ်းအတွဲ(၄)**
၂။ **ပွဲဦးရွှေအလင်္ကာ(ဗိုလ်ကျော်ဆန်း)**

# ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၁၁ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက၂၉၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက် ဧက၂၉၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၉၀၀ကျော် စိုက်ပျိုးပြီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ နံနံပင်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာသီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး GAPစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ဧက ၃၇၉၀နှင့် မိုပိုင်းလွတ်မြို့နယ်ခွဲတွင် ၁၂၁ ဧက စုစုပေါင်း ၃၉၁၁ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၂၈၃၂ ဧကနှင့် မိုပိုင်းလွတ်မြို့နယ်ခွဲတွင် ၁၁၈ ဧက စုစုပေါင်း ဧက ၂၉၅၀ ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# စလင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း မတ် ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၃ ရက်မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ် ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်း လက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃၉ ဦးကို ငွေကျပ်၃၀ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၈၅သန်းနှင့် အခြား လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၆၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၄ ဦးကို ငွေကျပ် ၃၅ ဒသမ ၅၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းရိုး**



# မိုင်းလားမြို့နယ် နမ့်ကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းလား မတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ကွမ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် ဝန်ထမ်းများသည် နမ့်ကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နမ့်ကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် အသင်းသူ၊ အသင်းသား၂၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၀၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

## စိုက်ပျိုးမွေးမြူ အောင်လံထူ

\- မြန်ပြည်တစ်ဝှမ်း၊ ငြိမ်းချမ်းသာယာ
ဆန်ရေစပါး၊ ပေါများပြည့်လျှံကာ
စိုက်ပျိုးရေးမှာ၊ လယ်ယာလုပ်ငန်း
စားရေရိက္ခာ၊ ဖူလုံစွာ
သာယာဝပြော လန်းသည်နှင့်လေး။

\- ပန်းတိုင်ရည်မှန်း၊ လျှောက်လှမ်းတူပြိုင်
ပုစွန်သားငါး၊ ကျွဲနွားမွေးမြူနိုင်
အလုပ်အကိုင်၊ ယှဉ်ပြိုင်မနေး
မွေးမြူရေးမှာ၊ နည်းပညာ
မှန်စွာဖြည့်ဆည်း ပေးသည်နှင့်လေး။

\- စားဝတ်နေရေး၊ မြော်တွေးလို့ပင်
နိုင်ငံ့စီးပွား၊ မြင့်မားတိုးတက်လျှင်
ကျေးလက်တစ်ခွင်၊ ပျော်ရွှင်မဆုံး
လူတိုင်းကိုယ်စီ၊ ဆင့်တန်းမီ
ရွှင်ကြည်စိတ်မှာ ပြုံးသည်နှင့်လေး။

\- တို့များစည်းလုံး၊ ပေါင်းရုံးနယ်ပယ်
လုပ်အားကိုပြ၊ မြန်မာ့မြေပြင်ဝယ်
ကမ္ဘာ့အလယ်၊ တင့်တယ်ဂုဏ်ဒြပ်
ကြီးစားမှုပေါ်၊ တူယှဉ်ပျော်
တွေးခေါ်လှုပ်ရှား တတ်သည်နှင့်လေး။

\- ဆုလာဘ် အဖြာဖြာ ဝင်လာဖြိုးတော့မည်။
သွေထက်ငါသာ ဝေဖြာ တိုးပေါ့အတည်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# ဘားအံမြို့နယ် ပိုင်ရန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မတ် ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုင်ရန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပိုင်ရန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိုအို**

လင်းလက်

# မျှတအလေးမူ တာဝန်ယူ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု

၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့

(World Consumer Rights Day 2024)

မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု

(Fair and Responsible AI for Consumers)

၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (သောကြာနေ့)

အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် အရေးကြီးဆုံးသောအရာများအနက် တစ်ခုမှာကျန်းမာရေးပင်ဖြစ်သည်။ ပျော်ရွှင်ကျန်းမာသောဘဝကို ရယူပိုင်ဆိုင်နိုင်ရေးအတွက် အာဟာရပြည့်ဝသည့် အစားအသောက်များစားသုံးရန် အထူးအရေးကြီးသည်။ မိမိစားသုံးလိုက်သောအစားအစာသည် မိမိ၏ခန္ဓာကိုယ်ကို ခွန်အားဖြစ်စေရန်လိုအပ်ပြီး မလိုအပ်သည့်ဘေးဥပဒ်များမဖြစ်ပေါ်စေရန်လည်း အရေးကြီးသည်။ နည်းပညာများ တိုးတက်လာသည့်ခေတ်တွင် နေ့စဉ်စားသုံးနေရသည့် အစားအသောက်များတွင် ဓာတုဆေးဝါးများပါဝင်လာမှုသည် စားသုံးသူများ၏ ကျန်းမာရေးအတွက် ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်စေသည်ကို သတိပြုသင့်ပေသည်။

**“စား၊ ဝတ်၊ နေရေး”** အတွက် နေ့စဉ် လှုပ်ရှားရုန်းကန်နေကြရသည့်အချိန်တွင် အစားအသောက်အတွက် အချိန်ပေးနိုင်မှုများ နည်းပါးလာပြီး မီးဖိုချောင်အတွင်းတွင် ကိုယ်တိုင်ချက်ပြုတ်စားသောက်သော အလေ့အထမှသည် အသင့်စားသုံးနိုင်သည့် အစားအသောက်များကို စားသုံးသည့်ခေတ်သို့ ရောက်ရှိလာပြီဖြစ်သည်။ အချိန်မရွေး၊ နေရာမရွေးလိုချင်သော အစားအသောက်ကို လွယ်လင့်တကူဝယ်စားသုံးနိုင်သည့်ခေတ်သည် လူများ၏ကျန်းမာရေးကို စိန်ခေါ်လျက်ရှိသည်။ အသင့်စားသုံးနိုင်သော အစားအသောက်များ၏ အခြေခံသဘောသဘာဝအရ တာရှည်ခံနိုင်ရန်အတွက် ဓာတုဆေးဝါးများကိုအသုံးပြုရသည်။ **“တန်ဆေး လွန်ဘေး”**ဆိုသည့် စကားနှင့်အညီ လိုအပ်သည်ထက်ပို၍ ဓာတုဆေးများကို အသုံးပြုလိုက်မိသည့်အခါ စားသုံးသူများ၏ ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေနိုင်သဖြင့် သတိပြုဆင်ခြင်အပ်ပေသည်။

မြန်မာ့ရိုးရာမုန့်ဟင်းခါးကအစပြု၍ ကိုရီးယားဂင်ချီထိကိုယ်တိုင်မဖန်တီး၊ မချက်ပြုတ်တတ်သောသူများအတွက် နီးစပ်ရာစတိုးဆိုင်၊ကုန်တိုက်စသည့်နေရာများသို့ သွားရောက်၍Ready Made ထုပ် တစ်ထုပ်ဝယ်ယူကာ အချိန်အနည်းငယ်ပေးရုံမျှဖြင့် မိမိစားသုံးလိုသည့် အစားအစာကို လွယ်လင့်တကူစားသုံးနိုင်သည်။ အချိန်ကုန်သက်သာစွာဖြင့် မိမိနှစ်သက်ရာ အစားအသောက်ကို လွယ်လင့်တကူစားသုံးနိုင်သည်ဆိုသည့် အချက်သည် စားသုံးသူများအတွက် အကျိုးရှိသည်ဟုဆိုနိုင်သော်လည်း ကျန်းမာရေးအတွက် အာမခံချက်ပေးနိုင်သည့် အစားအသောက်ဖြစ်ရန်အရေးကြီးသည်။ တာရှည်ခံဆေးများ၊ အရောင်တင်ဆေးများစသည်ဖြင့် ဓာတုဆေးများကို အသုံးပြုသင့်သည့်ပမာဏထက် ကျော်လွန်အသုံးပြုထားခြင်းမရှိစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကြီးကြပ်ကွပ်ကဲပေးရသည်။

ဈေးသို့သွား၍ ဟင်းသီးဟင်းရွက်နှင့်သားငါးများကို ကိုယ်တိုင်ရွေးချယ်ဝယ်ယူကာ အိမ်တွင်ကိုယ်တိုင်ချက်ပြုတ်စားသောက်ကြသူများအနေဖြင့်လည်း ဓာတုဆေးဝါး၏အန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။ ဟင်းသီးဟင်းရွက်များစိုက်ပျိုးရာတွင် ဓာတုဆေးဝါးများအသုံးပြုခဲ့ပြီး ထားရှိရမည့်သတ်မှတ်ရက်မတိုင်မီ ခူးဆွတ်ထားသည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိသည့်အခါ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်နိုင်သည်။ စားသုံးသူများအနေဖြင့် မိမိဝယ်ယူစားသုံးသည့် ဟင်းသီးဟင်းရွက်များသည် ဓာတုဆေးများအလွန်အကျွံအသုံးပြုထားခြင်းရှိ၊ မရှိကိုသာမန်အားဖြင့် မသိနိုင်ပေ။ စိုက်ပျိုးရောင်းချသူများဘက်မှ စားသုံးသူများ၏ ကျန်းမာရေးကိုထိခိုက်စေမည့် ဓာတုဆေးများအလွန်အကျွံသုံးစွဲခြင်းကို လူ့ကျင့်ဝတ်အခြေခံသော စိတ်ဓာတ်ဖြင့် ရှောင်ကြဉ်အပ်ပေသည်။

စီးပွားရေးဝန်းကျင်ကောင်းတစ်ခုကိုတည်ဆောက်ရာတွင် ဝယ်ယူသူနှင့်ရောင်းချသူ၊ ဝန်ဆောင်မှုရယူသူနှင့် ဝန်ဆောင်မှုပေးအပ်သူတို့ကြား အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်ရန် အရေးကြီးသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများမှ ပေးအပ်ရသောတန်ဖိုးနှင့် ကိုက်ညီသည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုပေးအပ်ရန် လိုအပ်သည်။ သို့မှသာ စားသုံးသူများ၏ ယုံကြည်မှုကို တည်ဆောက်နိုင်ပြီး ဝယ်လိုအားများပိုမိုများပြားလာနိုင်သဖြင့် ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် အမြတ်အစွန်းရရှိကာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ စားသုံးသူများအတွက် ကျန်းမာရေးအာမခံချက်၊ အရည်အသွေးအာမခံချက် စသည့်အာမခံချက်များ လျော့နည်းနေမည်ဆိုပါက ယုံကြည်မှုကျဆင်းလာပြီး ဝယ်လိုအားကျဆင်းကာ ဈေးကွက်အတွင်းမှ ပျောက်ကွယ်သွားရမည်မှာ စီးပွားရေးလုပ်ငန်းများ၏ သဘာဝပင်ဖြစ်သဖြင့် စားသုံးသူများကို အလေးထားသင့်သည်။

စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသူများအနေဖြင့် စားသောက်ကုန်များအပါအဝင် ကုန်စည်နှင့် ဝန်ဆောင်မှုများကိုထုတ်လုပ်ရာတွင် စားသုံးသူများ၏ အခြေခံအခွင့်အရေးများကိုချိုးဖောက်ခြင်းမရှိစေရန် သတိပြုသင့်သည်။ စားသုံးသူတစ်ဦးအနေဖြင့်လည်း မိမိတို့ ကိုယ်တိုင်ရရှိသင့်သည့် အခြေခံအခွင့်အရေးကို ကိုယ်တိုင် သိရှိရန်လိုအပ်သည်။ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ-၁၉ တွင် စားသုံးသူများအနေဖြင့်အခြေခံအခွင့်အရေး (၈) ချက်ကို ပြဋ္ဌာန်းထားသည်။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရှိခြင်း၊ လိုအပ်သော သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာသိရှိခွင့်နှင့် ပြေစာ သို့မဟုတ် အထောက်အထားရယူခွင့်ရှိခြင်း၊ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခွင့်ရှိခြင်း၊ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့် ရရှိနိုင်စေခြင်း၊ ဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိခြင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများအခွင့်အရေးများနှင့် လိုအပ်သော အချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊ ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်း စသည့်အခြေခံအခွင့်အရေးများကို အပြည့်အဝရရှိနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်နေပြီဖြစ်သည်။

စားသုံးသူများအနေဖြင့် အခြေခံအခွင့်အရေးများကိုချိုးဖောက်ခံရသည်ဆိုပါက စားသုံးသူရေးရာဦးစီးဌာနရုံးအမှတ်(၅၂)နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ တစ်ဆင့်ဖြစ်စေ၊ email လိပ်စာဖြစ်သည့် consumerwebsitedoca@gmail.com မှတစ်ဆင့်ဖြစ်စေ၊ Website (https://www.doca.gov.mm/) မှတစ်ဆင့်ဖြစ်စေ နည်းလမ်းသုံးခုဖြင့် တိုင်ကြားနိုင်ပြီဖြစ်သည်။ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကျင့်ဝတ်နှင့်အညီဆောင်ရွက်နိုင်ရေးနှင့် စားသုံးသူများအတွက် အာမခံချက်အပြည့်အဝပေးနိုင်သောကုန်စည်နှင့် ဝန်ဆောင်မှုကိုထုတ်လုပ်ပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်နေသည်။

စားသုံးသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် ပထမဦးဆုံးထုတ်ဖော်ပြောကြားခဲ့သူမှာ အမေရိကန်သမ္မတ ဂျွန်အက်(ဖ်)ကနေဒီ ဖြစ်သည်။ စားသုံးသူများအတွက် မျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုစသည့် စံနှုန်းများဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ပေးနိုင်ရေးနှင့် စားသုံးသူများ၏အခွင့်အရေးကို အပြည့်အဝကာကွယ်ပေးနိုင်ရေး ၁၉၆၂ ခုနှစ် မတ်၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် အမေရိကန်ကွန်ဂရက်လွှတ်တော်အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။ “ကျွန်တော်တို့အားလုံးက စားသုံးသူတွေပါ စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်တွေရဲ့ သက်ရောက်မှုကိုခံစားရသူများဖြစ်သကဲ့သို့ ကြီးမားတဲ့ စီးပွားရေးအင်အားစုတစ်ခုဖြစ်တယ်။ စီးပွားရေးလောကအတွက် အရေးကြီးတဲ့အင်အားစုဖြစ်သော်လည်း စားသုံးသူတွေရဲ့ အသံကိုနားထောင်လေ့မရှိကြဘူး”ဟု စားသုံးသူများ၏ အရေးကြီးမှုကို ဂျွန်အက်(ဖ်) ကနေဒီ ထုတ်ဖော်ပြောကြားခဲ့သည့်နေ့ကို အစွဲပြု၍ မတ် ၁၅ ရက်နေ့ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့(World Consumer Rights Day) အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် မတ် ၁၅ ရက် ရောက်တိုင်းစားသုံးသူပြည်သူများသို့ စားသုံးသူအခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီကုန်စည်နှင့် ဝန်ဆောင်မှုများထုတ်လုပ်မှုတွင် နည်းပညာသည် မရှိမဖြစ်လိုအပ်နေသကဲ့သို့ လူတစ်ယောက်၏ တစ်နေ့တာ လှုပ်ရှားဆောင်ရွက်မှုများသည်လည်း နည်းပညာနှင့်မကင်းနိုင်ကြတော့ပေ။ ဓာတုဆေးများအပါအဝင် ခေတ်မီနည်းပညာများကို အသုံးပြု၍ ကုန်စည်နှင့် ဝန်ဆောင်မှုထုတ်လုပ်ရာတွင် စားသုံးသူများ၏ အခွင့်အရေးများကိုမထိခိုက်စေဘဲအသုံးပြုရန်လိုအပ်သည်။ အရာရာကိုဖန်တီးပုံဖော်နိုင်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည့် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)ကို ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ မျှတမှုစသည့် စံနှုန်းများကို လက်ကိုင်ထားကာ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရန်လိုအပ်သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်း၊ စက်မှုလက်မှုကဏ္ဍတွင် ခေတ်မီကုန်စည်များကိုထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် စားသုံးသူများအတွက် လူနေမှုအဆင့်အတန်းမြင့်မားစေနိုင်မည့် ဝန်ဆောင်မှုများဖန်တီးပေးခြင်းကို AI အသုံးပြု၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြောင်းလဲတိုးတက်လာသည့် AI နည်းပညာကို အကျိုးရှိရှိအသုံးချကာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် အစားအသောက်များ ထုတ်လုပ်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရမည့်အချိန်ပင်ဖြစ်သည်။ AI နည်းပညာသည် စားသုံးသူများအခွင့်အရေး ကာကွယ်ခြင်းလုပ်ငန်းစဉ်တွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လာပြီဖြစ်သဖြင့် ၂၀၂၄ ခုနှစ် မတ် ၁၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်ကို မျှတအလေးမူ တာဝန်ယူ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု (Fair and Responsible AI for Consumers)ဟု ချမှတ်ထားခြင်းဖြစ်သည်။

AI သည် စားသုံးသူများအခွင့်အရေးကို ကာကွယ်ရန်အတွက် မရှိမဖြစ်အခန်းကဏ္ဍတွင် ပါဝင်နေပြီဖြစ်သည်။ AI နည်းပညာကိုကျင့်ဝတ်နှင့်အညီ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများချမှတ်ထားခြင်းဖြင့် ထိန်းကျောင်းရမည့်ကာလပင်ဖြစ်သည်။ စားသုံးသူများ၏ အခွင့်အရေးကိုချိုးဖောက်မှုမရှိစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာနက ပြည်သူအကျိုးပြု ဆောင်ရွက်ပေးနေပြီဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်ဝတ်လက်ကိုင်ထား၍ စားသုံးသူများ၏ အခွင့်အရေးကို ချိုးဖောက်မှုမရှိဘဲကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်းဖြင့် မျှတသည့် စီးပွားရေးဝန်းကျင်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရဘက်ကလည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ မောင်းနှင်အားဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကိုဆောင်ရွက်နေသည့်အချိန်တွင် စီးပွားရေးလုပ်ငန်းရှင်များကလည်း စားသုံးသူများ၏ အခွင့်အရေးကို ချိုးဖောက်မှုမရှိသည့်ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

– **စားသုံးသူရေးရာဦးစီးဌာန Website**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းများတွင် ၃၁၈၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အိမ်မဲ မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၃၁၈၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၃၂၉၆၅ ဧကကို ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၁၈၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်း တစ်ဧကလျှင် ၂၂ ဒသမ ၃၄ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အိမ်မဲမြို့နယ်အနေနဲ့ ပဲတီစိမ်း ၃၂၉၆၅ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ပဲတီစိမ်းတွေကို ရိတ်သိမ်းနေပါတယ်။ လက်ရှိမှာတော့ ပဲတီစိမ်း ၃၁၈၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ပဲတီစိမ်းတွေကို ဆက်လက် ရိတ်သိမ်းနေပါတယ်။ အိမ်မဲမြို့နယ်မှာ ပဲတီစိမ်းသီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို စနစ်တကျစီမံဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးပြီးပြီး ပဲတီစိမ်းတွေ အထွက်နှုန်းကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် ပဲတီစိမ်းများအပါအဝင် ဆောင်းသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် န/လက္ခပွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**နတ်မောက် မတ် ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက န/လက္ခပွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများသည် န/လက္ခပွင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် ငွေစာရင်းဖြည့်သွင်းထားမှုရှိ၊ မရှိ၊ စာရင်းဇယားထိန်းသိမ်းမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နတ်မောက်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက န/လက္ခပွင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၂၉ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး ငွေကျပ် ၄ ဒသမ ၄၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦး ကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သူသူ(နတ်မောက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲမှာ ကစားသမားစုဖွဲ့မှုအားကောင်းတဲ့ ဘရန့်ဖို့ဒ်အသင်း၊ တိုရီနိုအသင်း၊ မာယော့ကာအသင်းတို့ကို အားပေးရမှာပါ



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပြိုင်ပွဲပြီးဆုံးဖို့ နီးကပ်လာတာကြောင့် ပြိုင်ပွဲတိုင်းက အကြိတ်အနယ်ရှိလာတာကို တွေ့ရမှာပါ။ ဒီတစ်ပတ်မှာ ပရီးမီးယားလိဂ်က အသင်းကြီးတွေ အက်ဖ်အေဖလားပြိုင်ပွဲရှိတာကြောင့် ခြေရည်တူအသင်းတွေသာ တွေ့ဆုံနေသလို စနေနေ့ညမှာ ကစားမဲ့ ကျန်လိဂ်တွေမှာလဲ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ ဒါကြောင့် စနေနေ့ညကစားမဲ့အသင်းတွေထဲက ကစားသမားစုဖွဲ့မှုကောင်းပြီး တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

**ဘရန့်ဖို့ဒ်အသင်းနဲ့ လက်တွဲရမှာပါ**

ပရီးမီးယားလိဂ်ပွဲစဉ် (၂၉) မှာအကြိုက်တွေ့မိတာကတော့ ဘန်လေအသင်းနဲ့ဘရန့်ဖို့ဒ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရလဒ်ပိုင်းကျဆင်းနေတဲ့ ဘန်လေအသင်းဟာ ၂၈ ပွဲကစားအပြီးမှာ ရမှတ် ၁၄ မှတ်သာရရှိခဲ့လို့ အဆင့်(၁၉) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် တန်းဆင်းဇုန်ကလွတ်ဖို့ အာရုံစိုက်ကြိုးစားနေခဲ့ပေမဲ့တိုက်စစ်မှူးတွေ အခွင့်အရေးတွေအသုံးမချနိုင်ခဲ့လို့ရလဒ်ဆိုးရွားခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲ ၁၀ ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ နည်းပြကွန်ပနီအနေနဲ့ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်လေ့ရှိပြီး ဒီကစားကွက်မှာ ခံစစ်နဲ့ တိုက်စစ်နားလည်မှုလွဲနေခဲ့တာကြောင့် နောက်ဆုံး ၁၁ ပွဲထိ ပေးဂိုးရှိခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ ဝက်စ်ဟမ်းအသင်းကို အဝေးကွင်းမှာ ယှဉ်ပြိုင်ခဲ့ရပြီး ကစားကွက်ပိုင်းအသာနဲ့ ဦးဆောင်ဂိုးတွေသွင်းယူနိုင်ခဲ့ပေမဲ့ ပွဲချိန်ကြာလာတာနဲ့ ခံစစ်ကစားအားကျဆင်းသွားတာကြောင့် နာကျင်အချိန်ပိုမှာ ချေပဂိုးခွင့်ပြုပေးခဲ့ရလို့ ရမှတ်ဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ဘရန့်ဖို့ဒ်လို ခြေရည်တူအသင်းနဲ့ တွေ့နေတာကြောင့် ပွဲကျပ်တစ်ပွဲမဟုတ်ပေမဲ့ တိုက်စစ်ပိုင်းယှဉ်ရင်တော့ ဘန်လေအသင်းအားနည်းနေတာကိုသတိပြုရမှာပါ။ ဒ့ါပြင် အခုပွဲမှာ ကစားသမားငါးဦးထိဒဏ်ရာရနေတာကလဲ အသင်းအတွက် အဓိကထိုးနှက်ချက်ဖြစ်နေတာကြောင့် နိုင်ပွဲရှာဖို့ရှုန်းကန်ရနိုင်ပါတယ်။

ဘရန့်ဖို့ဒ်အသင်းကတော့ အမှတ်ပေးပွဲ ၂၈ ပွဲအပြီးမှာ ရမှတ် ၂၆ မှတ်ရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၅) မှာရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲမရခဲ့ပေမဲ့ လီဗာပူး၊ မန်စီးတီး၊ ဝက်စ်ဟမ်း၊ ချဲလ်ဆီး၊ အာဆင်နယ်တို့လိုအသင်းတွေနဲ့ ပွဲကျပ်ကစားခဲ့ရတာကြောင့် ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဘရန့်ဖို့ဒ်အသင်းဟာ ဘန်လေနဲ့ယှဉ်ရင် ကစားပုံကျစ်လျစ်မှုရှိပြီး တိုက်စစ်ပိုင်းကလဲ အသင်းကြီးတွေကိုတောင် အခက်တွေ့အောင် ကစားနိုင်တဲ့ တိုနေး၊ ဝစ်ဆာတို့လိုကစားသမားတွေရှိနေတာကြောင့် ဘန်လေလို ခံစစ်ပိုင်းအားနည်းနေတဲ့အသင်းကိုတော့ နိုင်ပွဲရဖို့ပြင်ဆင်လာမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အာဆင်နယ်နဲ့ပွဲမှာလဲ တိုက်စစ်အကောင်းဆုံးဖြစ်တဲ့အာဆင်နယ်ကို အပြန်အလှန်သွင်းဂိုးတွေ ဖိအားပေးနိုင်ခဲ့သလို ပွဲချိန် ၈၆ မိနစ်မှာ ပေးလိုက်ရတဲ့ ကိုင်ဟာဗက်ရဲ့ သွင်းဂိုးကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဘရန့်ဖို့ဒ်အနေနဲ့ အမြင့်ဘောတွေကို အသုံးပြုပြီး တန်ပြန်တိုက်စစ်နဲ့ အာဆင်နယ်ကိုတုံ့ပြန်ခဲ့တဲ့ ကစားပုံက အားရစရာကောင်းတာကြောင့် အခုဘန်လေနဲ့ပွဲမှာလဲ အဲဒီကစားကွက်တိုင်းကစားမယ်ဆိုရင်တော့ အနိုင်ရဖို့မခက်ပါဘူး။ လက်ရှိမှာ ကစားသမားကိုးယောက်ထိ ဒဏ်ရာရနေတာက ကစားကွက်ပိုင်းအားနည်းချက်ဖြစ်နိုင်ပေမဲ့ ပထမပွဲထွက်ကစားသမားတွေအားလုံးပါဝင်နိုင်မှာဖြစ်လို့ နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်မဲ့ဘရန့်ဖို့ဒ်အသင်းနဲ့ လက်တွဲရမှာပါ။

**ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၃ | - | ၁ | ဘန်လေ |
| ဘန်လေ | ၀ | - | ၅ | အာဆင်နယ် |
| ပဲလေ့စ် | ၃ | - | ၀ | ဘန်လေ |
| ဘန်လေ | ၀ | - | ၂ | ဘုန်းမောက် |
| ဝက်စ်ဟမ်း | ၂ | - | ၂ | ဘန်လေ |

**ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၄ | လီဗာပူး |
| မန်စီးတီး | ၁ | - | ၀ | ဘရန့်ဖို့ဒ် |
| ဝက်စ်ဟမ်း | ၄ | - | ၂ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | ချဲလ်ဆီး |
| အာဆင်နယ် | ၂ | - | ၁ | ဘရန့်ဖို့ဒ် |

**တိုရီနိုအသင်းကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အူဒီနီးစ်အသင်းနဲ့ တိုရီနိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အူဒီနီးစ်အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ လာဇီယိုကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ၂၈ ပွဲအပြီးမှာ ရမှတ် ၂၇ မှတ်ထိရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ လာဇီယို ၊ ဂျူဗင်တပ်တို့လို အသင်းကြီးတွေကို အနိုင်ရထားတာကြောင့် ပရိသတ်အားပေးမှုမြင့်တက်နေတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမဲ့ အခုရာသီ အိမ်ကွင်း ၁၄ ပွဲမှာတော့ တစ်ပွဲသာအနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၂၁ ဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် အူဒီနီးစ်ရဲ့အိမ်ကွင်းစွမ်းဆောင်ရည်ဆိုးရွားလွန်းနေပြီး အိမ်ကွင်းအညံ့ဆုံးသုံးသင်းမှာ ပါဝင်နေတာကိုတွေ့ရမှာပါ။ ကွင်းလယ်အသားပေးကစားတဲ့ နည်းပြစီအော့ဖီဟာ အိမ်ကွင်းရလဒ်ကောင်းဖို့ ကြိုးစားခဲ့ပေမဲ့ တိုက်စစ်မှူးတွေ ပုံမှန်ဂိုးသွင်းခြေစွမ်းမရှိခဲ့တာကြောင့် အသင်းငယ်တွေကိုတောင် ရမှတ်ခွဲယူဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ တိုရီနိုလို ကစားပုံမာကျောတဲ့အသင်းကို ပွဲချိန်ပြည့်မထိန်းချုပ်နိုင်ရင်တော့ အူဒီနီးစ် ရမှတ်ခွဲပေးရဖို့များပါတယ်။

နောက်ဆုံးပွဲစဉ်မှာ နာပိုလီအသင်းကို တစ်ဂိုးစီသရေကစားနိုင်ခဲ့တဲ့ တိုရီနိုအသင်းရဲ့စွမ်းဆောင်ရည်ကတော့ အားရစရာကောင်းနေခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ နည်းပြပါရီဟာ ခံစစ်အားပြုကစားခဲ့ပြီး တန်ပြန်တိုက်စစ်ကနေ ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုတွေလုပ်ခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီနဲ့ ရမှတ်ခွဲယူခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုပြိုင်ပွဲမှာ ရမှတ် ၃၈ မှတ်ထိ စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၁) မှာရပ်တည်နိုင်ခဲ့ပြီး တိုက်စစ်ပိုင်းမှာတော့ အသစ်ခေါ်ယူထားတဲ့တိုက်စစ်မှူး ဇာပါတာက သွင်းဂိုး ကိုးဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်နေတာကို တွေ့ရမှာပါ။ နည်းပြပါရီကတော့ တိုက်စစ်မှာ ဇာပါတာနဲ့ ဆာနာဘရီယာတို့ကိုတွဲဖက်ပြီး ၃-၄-၁-၂ ကစားကွက်ကို အမြဲတမ်းအသုံးပြုနေတာကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့အဝေးကွင်းလေးပွဲမှာ တိုက်စစ်ပိုင်းက ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထိ စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ဟာ အိမ်ကွင်းကစားပုံကျဆင်းနေတဲ့ အူဒီနီးစ်အသင်းနဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကောင်းတဲ့ တိုရီနိုအသင်းတို့တွေ့ဆုံနေတာကြောင့် တိုရီနိုပဲ ရလဒ်ကောင်းဖို့များနေပါတယ်။ ဒါကြောင့် အဝေးကွင်းတိုက်စစ်ကစားပုံထက်မြက်နေတဲ့ တိုရီနိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အူဒီနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၀ | - | ၁ | အူဒီနီးစ် |
| အူဒီနီးစ် | ၁ | - | ၁ | ကက်ဂလီယာရီ |
| ဂျီနိုအာ | ၂ | - | ၀ | အူဒီနီးစ် |
| အူဒီနီးစ် | ၁ | - | ၁ | ဆလာနီတာနာ |
| လာဇီယို | ၁ | - | ၂ | အူဒီနီးစ် |

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၂ | - | ၀ | လက်ချီ |
| တိုရီနို | ၀ | - | ၂ | လာဇီယို |
| ရိုမား | ၃ | - | ၂ | တိုရီနို |
| တိုရီနို | ၀ | - | ၀ | ဖီအိုရင်တီးနား |
| နာပိုလီ | ၁ | - | ၁ | တိုရီနို |

**မာယော့ကာအသင်း ရလဒ်ကောင်းမှာပါ**

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မာယော့ကာအသင်းနဲ့ ဂရန်နာဒါအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မာယော့ကာအသင်းမှာ ပြီးခဲ့တဲ့ဘာစီလိုနာနဲ့ပွဲမှာ တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့ပေမဲ့ ခံစစ်ကစားပုံကောင်းခဲ့သလို တိုက်စစ်ကလဲ ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ ဘာစီလိုနာဂိုးသမား တာစတီဂန်ရဲ့ လက်စွမ်းပြနိုင်မှုကြောင့် ချေပဂိုးမရခဲ့ဘဲ ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာတော့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးငါးဂိုးရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ ဆိုစီဒက်၊ ဂျီရိုနာတို့လိုခြေစွမ်းပိုင်းကောင်းတဲ့အသင်းတွေကို ရမှတ်ခွဲယူနိုင်ခဲ့တဲ့ခြေစွမ်းပိုင်းက ချီးကျူးစရာဖြစ်သလို အခုရာသီအမှတ်ပေးပြိုင်ပွဲ အိမ်ကွင်း ၁၄ ပွဲမှာလဲ သုံးပွဲသာ ရှုံးခဲ့တာကို တွေ့ရမှာပါ။ လက်ရှိတိုက်စစ်ပိုင်းကိုတော့ မူရီကွီနဲ့လာရင်တို့က ဦးဆောင်နေပြီး မူရီကွီက သွင်းဂိုးငါးဂိုးနဲ့ အသင်းရဲ့ဂိုးသွင်းအများဆုံးကစားသမားဖြစ်နေတာကိုတွေ့ရမှာပါ။

ဂရန်နာဒါအသင်းကတော့ အခုရာသီအမှတ်ပေးပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့တာကြောင့် ရမှတ် ၁၄ သာရရှိခဲ့ပြီး အဆင့် (၁၉) တန်းဆင်းဇုန်ထဲရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းပွဲစဉ်တွေမှာ ရမှတ်ရှာဖွေဖို့ အပြင်းအထန်ကြိုးစားခဲ့ပေမဲ့ ကစားသမားအင်အားနည်းပါးမှုက ထင်သလောက်အလုပ်မဖြစ်ခဲ့ပါဘူး။ လက်ရှိမှာလဲ အဆင့်(၁၇)က ကာဒီဇက်အသင်းနဲ့ ရမှတ်ရှစ်မှတ်ထိ ကွာဟနေတာကြောင့် လက်ကျန်ပွဲ ၁၁ ပွဲအလိုမှာ တန်းဆင်းရဖို့ သေချာသလောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ လက်ပါးမက်၊ ဘာစီလိုနာ၊ အယ်မာရီယာကို သရေကစားနိုင်ခဲ့ပေမဲ့ ဗီလာရီးရဲလ်နဲ့ ဆိုစီဒက်အသင်းတို့ကို ရှုံးခဲ့တာဖြစ်ပြီး ခံစစ်ပိုင်းက ပေးဂိုး ၁၃ ဂိုးထိ ခွင့်ပြုခဲ့ရတာကို သတိပြုရမှာပါ။ အခုပြိုင်ပွဲမှာလဲ ၂၇ ပွဲအပြီးမှာ ပေးဂိုး ၅၇ ဂိုးထိ ရှိခဲ့တာကြောင့် ပေးဂိုးအများဆုံးအသင်းအဖြစ်ရပ်တည်နေတာကြောင့်လဲ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ မာယော့ကာတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အဘက်ဘက်ကသာလွန်နေတဲ့ အိမ်ရှင်မာယော့ကာအသင်းပဲ ရလဒ်ကောင်းမှာပါ။

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၁ | - | ၂ | ဆိုစီဒက် |
| အလာဗက် | ၁ | - | ၁ | မာယော့ကာ |
| ဆိုစီဒက် | ၁ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၀ | ဂျီရိုနာ |
| ဘာစီလိုနာ | ၁ | - | ၀ | မာယော့ကာ |

**ဂရန်နာဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂရန်နာဒါ | ၁ | - | ၁ | လက်ပါးမက် |
| ဘာစီလိုနာ | ၃ | - | ၃ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၁ | - | ၁ | မာယော့ကာ |
| ဗီလာရီးရဲလ် | ၅ | - | ၁ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၂ | - | ၃ | ဆိုစီဒက် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
**ကုသရေးဦးစီးဌာန**
အရိုးရောဂါအထူးကုဆေးရုံကြီး
ဆေးရုံအုပ်ကြီးရုံး-----မန္တလေးမြို့

**"အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"**

မန္တလေးမြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ငှားရမ်းလုပ်ကိုင်ခွင့်လုပ်ငန်း ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းကြရန် ဖိတ်ကြားအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာပုံစံများ စတင်မည့်ရက် - (၁၃-၃-၂၀၂၄)ရက်(ဗုဒ္ဓဟူးနေ့)

တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန် - (၂၆-၃-၂၀၂၄)ရက်(အင်္ဂါနေ့)ညနေ(၀၄:၀၀)နာရီ

**ဆေးရုံအုပ်ကြီး**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊မန္တလေးမြို့**


**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**


**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထီ** ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** ပဥ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** ဒုတိယဆု
ဇာမဏိ

၃။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နွံနစ်မခံ** ပဥ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရှေ့သို့ချီအံ့** တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ပည်းမော်ကွန်း** စတုတ္ထဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာပြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** ပဥ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရှက်ကျင်း နေမင်းဖြစ်ပါစေ** အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** အထူးဆု(၂)
ညွန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** အထူးဆု(၃)
ဟန်ညွန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဖြစ်မြင့်မြတ်ထင်ပေါ်တပ်မတော်** စတုတ္ထဆု
မနော်ဖြူ

၅။ **အလံစောင့်၏သစ္စာ** ပဥ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်းဌာနီ မြန်မာပြည်** အထူးဆု(၁)
မြတ်ထွဏ်းနောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ မွေးပြီလေ** တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** ပဥ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** ပထမဆု
ခန့်ပိုင်

၂။ **မန္တမ်းသောပန်း မခန်းသောရေ** ဒုတိယဆု
ညိမ်းညို

၃။ **အမိရောဝတီ စီးဆင်းတည်ရှိနေသမျှ** တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** စတုတ္ထဆု
မနော်ဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသခြေ** ပဥ္စမဆု
အမေ့သား(နတ်မောက်)

၆။ **ခိုင်ကြည်သောသစ္စာဖြင့်** အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** အထူးဆု(၂)
ကျော်တေဇ(ဥက္ကလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)၊

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။








## အများသိစေရန် ကြေညာခြင်း

စဉ့်ကိုင်မြို့နယ်၊ ရွာဟောင်းကုန်း(အရှေ့)ကျေးရွာနေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ကိုဝေလင်းဖြိုး (ဘ-ဦးဝင်းမြင့်) မအေးမို့မို့ မှတ်ပုံတင်အမှတ် ၉/ကဆန(နိုင်)၁၇၇၅၄၈ တို့ပိုင်ဆိုင်သည့် ရွာဟောင်းကုန်းကျေးရွာအုပ်စု၊ ရွာဟောင်းကုန်း(အရှေ့)ရှိ အိမ်အမှတ် ရဟက ၂၃၊ အရှေ့နှင့်အနောက်လားသော်-လမ်း၊ တောင်လားသော်-ကျိုဝိုင်း၊ မြောက်လားသော်-ဦးစံဟိန်း နယ်လေးရပ်အတွင်းရှိ အရှေ့အနောက်-ပေ ၈၀၊ တောင်မြောက်-ပေ ၁၀၀ အကျယ်ရှိ အိမ်ဝိုင်းမြေနှင့် ယင်းမြေပေါ်ရှိ (၄ ပင် ၃) ခန်း၊ သွပ်မိုး၊ နံကပ်အဖီနှင့် မီးဖိုချောင်ပါ နေအိမ်ဝိုင်းမြေသည် ၎င်းတို့ လင်မယားနှစ်ဦးသာ ပိုင်ဆိုင်ကြောင်း၊ အဆိုပါနေအိမ်ဝိုင်းမြေနှင့်ပတ်သက်၍ ကာယကံရှင်များမသိရှိဘဲ လွှဲပြောင်းရောင်းချပေါင်နှံခြင်း မပြုလုပ်ရန်နှင့် အဆိုပါနေအိမ်ဝိုင်းမြေသည် ဦးဝေလင်းဖြိုး နှင့် မအေးမို့မို့ တို့သာ တရားဝင် လက်ရှိထားပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုက်ကြည်**
**တရားလွှတ်တော်ရှေ့နေ**
**LL.B;D.B.L;D.L(101);C.B.S;C.HR.M**

**ဒေါ်သန္တာလင်း**
**LL.B;LL.M;D.B.L;D.I.L**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်စိုးဝင်း**
**LL.B**
**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၃၇၈၊မင်းရဲကျော်စွာလမ်း၊ရန်အောင်မြင်ရပ်၊ စဉ့်ကိုင်မြို့။ ၀၉-၄၀၂၅၆၁၄၉၄ ၊ ၀၉-၉၇၃၁၁၀၂၄၂

## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ မြစ်ငယ် စက်ကွေ့ရပ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခင်ဇော် ၁၂/မဘန(နိုင်)၀၇၄၀၈၈ မှ စဉ့်ကိုင်မြို့၊ ဘယ်လင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၁၅/ကွင်း၊ ဦးပိုင်အမှတ်- ၁၀၀/၂ ရှိ လယ် (၀. ၃၄)ဧက၊ ဦးပိုင်အမှတ်-၁၀၁/၂ ရှိ လယ်မြေ (၁. ၈၅)ဧက၊ ဦးပိုင်အမှတ်-၁၁၁ ရှိ လယ်မြေ (၂. ၁၀)၊ ဦးပိုင်အမှတ်-၁၂၂ ရှိ လယ်မြေ(၀. ၂၁)ဧက၊ ဒေါ်စိုးကလျာမြင့်အမည်ပေါက် စုစုပေါင်း လယ်မြေ (၄. ၅၁)ဧကအား ဥပဒေနှင့်အညီ လက်ရောက်ရ လွှဲပြောင်းဝယ်ယူရန် ရှိပါသဖြင့် အဆိုပါလယ်မြေများနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဦးခင်ဇော် ထံသို့ဖြစ်စေ ယနေ့မှစတင်၍ ရက်သတ္တပါတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ် ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုက်ကြည်**
**တရားလွှတ်တော်ရှေ့နေ**
**LL.B;D.B.L;D.L(101);C.B.S;C.HR.M**

**ဒေါ်သန္တာလင်း**
**LL.B;LL.M;D.B.L;D.I.L**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်စိုးဝင်း**
**LL.B**
**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၃၇၈၊မင်းရဲကျော်စွာလမ်း၊ရန်အောင်မြင်ရပ်၊ စဉ့်ကိုင်မြို့။ ၀၉-၄၀၂၅၆၁၄၉၄ ၊ ၀၉-၉၇၃၁၁၀၂၄၂

**ရန်သူမျိုးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မြစ်ငယ်-ထုံးဘို(ဒွေးလမ်း)နှင့် ဆည်တော်ကြီးမြောင်းဘောင်လမ်း၊ ဆေးဝါးတက္ကသိုလ်အနီး၊ မိုင်လေးဆယ်ရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် ဦးဇော်နိုင် သည် အောက်ဖော်ပြပါ တံဆိပ်အမည်(၁)မျိုးဖြင့် **(1) Brand** သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဆက်သွယ်ရန်)**
**ဦးဇော်နိုင်(၉/ပသက(နိုင်)၀၆၅၂၀၉၊ ၀၉-၄၄၁၀၄၆၉၈၉**

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ရွာထောင်**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(**၈၁၁**)၊ အကွက်အမည် **ရွာထောင်အနောက်**ကွင်း၊ မြေကွက်အမှတ်(**၁၈၅/၄၆၈**)၊ ဧရိယာ (**၀.၀၁၈**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ကားလမ်း
(ခ) အနောက်လားသော် - မြေကွက်အမှတ်-၁၈၅၊လမ်းကြား၊
(ဂ) တောင်လားသော် - မြေကွက်အမှတ်-၁၈၅/၄၆၇
(ဃ) မြောက်လားသော် - မြေကွက်အမှတ်-၁၈၆

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခင်ကြူသွယ်** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်ကိုင်းမြို့။**

**မီး သတိပြု**

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ... စသည်)



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်းကြေညက်စေသည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



❖ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်တံခါးမြို့နယ် တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား ရထားလမ်းမိုင်တိုင် ၁၂၀/၂-၃ ကြားရှိ ရထားလမ်းအဆင့်မြှင့်တင်နေသော စီမံကိန်းလမ်းပိုင်းကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဖောက်ခွဲဖျက်ဆီး စာမျက်နှာ - ၂၂

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card
Tax Payment
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
MPU
~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, (01) 2301452, 2301378